
ANGULIMALA

မြင့်မြတ်သောရဟန်းဖြစ်သည့်

# အင်္ဂုလိမာလ

ဗော့ဒ္ဓါစရိယာ ရှန်တီ ဆွာရုပ္ပ ဗော့ဒ္ဓ



Generated by CamScanner from intsig.com



## About the Author

Name : Shanti Swaroop Bauddh.
Father : Late Lala Hari Chand Maurya
Date of Birth : 02.10.1949.
Birth Place : Mohalla Nyarian, Shraddhanand Marg, Delhi-6

| | | |
|---|---|---|
| Scope of work | : | President : The Buddhist Society of India (Regd.), Delhi State; Editor, Dhamma Darpan (Hindi Quarterly); Founder : Bauddh Sahitya Academy; Proprietor : Samyak Prakashan, New Delhi. Completed training of Bauddhacharya from Gorakhpur. |
| Religious Tours | : | Travelled and visited about all the important places in India and abroad. Delivered Dhamma discourses in several countries especially in Australia, England, France, Hong Kong, Singapore and Nepal. |
| Occupation | : | Took voluntary retirement from Central Government after serving 21 years. Presently engaged in Export Business of handmade Paintings. |
| Books | : | More than 75 books on the life and strugle of famous Buddhist idols |
| Specialization | : | ● To create and publish Buddhist Paintings depicting Buddhist heritage; ● Publishing Pictorial Buddhist literature for children; ● Glorious publication of famous Buddhist treatises ● To publish Pali Tipitaka Translations in various Indian Languages. |
| Address | : | 31/3, Pocket—3, Paschimpuri, New Delhi– 110 063 Phone : 6570 6888, 2521 60147, email : budhdharam@bol.net.in |


SAMYAK PRAKASHAN

32/3, Paschimpuri, New Delhi– 110 063
Phone : 6570 6888, 2521 60147,
email : budhdharam@bol.net.in
Web. www.samyakprakashan.com




ANGULIMALA

မြင့်မြတ်သောရဟန်းဖြစ်သည်

# အင်္ဂုလိမာလ

ဗော့ဒ္ဓာစရိယာ ရှန်တီ ဆွာရုပ္ပ ဗော့ဒ္ဓ



Generated by CamScanner from intsig.com

ဗုဒ္ဓဘာသာဝင်စံပြ–၁၀၃၁–

# မြင့်မြတ်သောရဟန်းဖြစ်သည့်
# အင်္ဂုလိမာလ

ဗော့ဒ္ဓါစရိယာ ရှန်တီ ဆွာရုပ္ပ ဗော့ဒ္ဓ
Shanti Swaroop Baudh

SAMYAK PRAKASHAN

Generated by CamScanner from intsig.com

ပထမပုံနှိပ်ထုတ်ဝေခြင်း –၂၀၀၂–
(သာသနာသက္ကရာဇ် ၂၅၄၅)

Publisher : SAMYAKPRAKASHAN
32/3, Paschimpuri, New Delhi-63
Ph. 6570 6888, 2521 6147
Email : budhdaram@bol.net.in
web : www.samyakprakashan.com

တန်ဖိုး–၅၀ ရူပီး /(Prise. 50.00 Rs)

Book name : **Angulimal : A Noble Monk**
Author : Shanti Swaroop Baudh
Translater : Kyaw Thein Maung
Editted : Khaing Aung Kyaw

ဖြန့်ချီရေး –
Burmese language Wing (မြန်မာဘာသာပြန်ဌာန)

# DEDICATED

ရည်မှန်းချက်



“မကြာမီက ကွယ်လွန်သောယောက်ဖဖြစ်သူ
ဘုရားတကာကြီး အုန်ပါရကာကြီး”

Generated by CamScanner from intsig.com

## “ထုတ်ဝေသူ ထင်မြင်ချက်”

ယနေ့သတင်းမီဒီယာသည် သူတော်ကောင်းယောင်ဆောင်ပြီး အယူသည်း အစွဲအလမ်းကြီးခြင်းနှင့် ပုံနှံ့တိုးပွားခြင်းမှတပါး တစုံတရာအတွက် အချိန်မရှိချေ။ သို့ရာတွင် ထိုအရာသည် မှန်ကန်သည်ဟု တဖက်သတ် တိမ်းစောင်းပြီး ဖေါ်ပြခြင်းအတွက် ဗုဒ္ဓသာသနာရေးဆိုင်ရာ ပုံဝတ္ထုတိုင်း၏ ဇတ်လမ်းဇတ်ကွက်မှာ အမှန်တရားတို့အား အမြဲတန်းဆန့်ကျင်နေပါသည်။

ကျွန်ုပ်တို့၏ ယနေ့နှင့်အနာဂါတ် မျိုးဆက်သစ်များအတွက် လူအများနှင့် ဆိုင်သော တဖက်သို့တိမ်းစောင်းသည့် မီဒီယာအား ချန်လှပ်ရန် ကြိုးကစားသင့်ပါသလား၊ မဟုတ်ပါ ဘယ်တော့မှ မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် သိပ္ပံနည်းကျ မြင့်မြတ်သောနိုင်ငံတော် တည်ဆောက်ရေး၌ အဓိကအောင်မြင်ရေးတွင် ကိုယ်ကျင့်တရားနှင့် မှန်ကန်စွာ ပြုလုပ်နိုင်ရေးကိုသာ ရည်ရွယ်သည်။

ထို့ကြောင့်ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာ နိကပါတ်တော်လာ စံပြဇတ်ဆောင်များအား လွယ်ကူသော စာပေစကားလုံး သင့်လျော်သောရုပ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤလုပ်ငန်းစီမံကိန်း တခုလုံးအား အမှန်တကယ် သက်သေပြနိုင်ခဲ့ကြ၍ ကျွန်ုပ်တို့၏ စာပေပညာဉာဏ်ရှိသော စာဖတ်ပရိတ်သတ်များက ကျယ်ပြန့်နွေးထွေးစွာ ကြိုဆိုခဲ့ကြခြင်းပင် ဖြစ်ပေသည်။ ၎င်းအပြင် ကျွန်ုပ်တို့အား ဤကဲ့သို့ ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်းသည့် ပုံဝတ္ထုများကို ဤလုပ်ငန်း၌ပါနမှ ပိုမိုရိုက်နှိပ်ထုတ်ဝေရန် အားပေးခဲ့ကြလေသည်။ ကျွန်ုပ်တို့ယုံကြည်သည်မှာ ဆန်းယပါရကာချမ် (Samyak Prakashan) ပုံနှိပ်တိုက်သည် အမြော်အမြင်ကြီးမားစွာဖြင့် ရေးသားပုံနှိပ် ထုတ်ဝေနိုင်လိမ့်မည်ဟု ထင်မိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ တန်ဖိုးထားသော စာဖတ်ပရိတ်သတ်များ၏ ဉာဏ်ပညာအမြော်အမြင်နှင့် စိတ်ဓါတ်ကြွယ်ဝမှုအတွက် သင့်တင့်လျောက်ပတ် တရားမျှတစွာ ပြုလုပ်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

**“ဘဝတို သဗ္ဗမင်္ဂလံ”**

**“အားလုံးသောသတ္တဝါများ ကျမ္မာပျော်ရွှင်ကြပါစေ”**

**(ထုတ်ဝေသူ)**

## “မြန်မာဘာသာပြန်တည်းဖြတ်သူ၏အမှာ”

မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာစာပေ ကျမ်းဂန်တို့တွင် အင်္ဂုလိမာလ အကြောင်းနှင့်ပတ်သက်၍ ဆရာတော်များ ရဟန်းသံဃာတော်မြတ်တို့ကသာ သိရှိနားလည်ကြလိမ့်မည် ထင်ပါသည်။ သာမန်ဗုဒ္ဓဘာသာဝင်တို့မှာမူ တောပုန်းကြီး လက်ညှိုးပေါင်းတထောင် ဖြတ်သူအဖြစ် ရာဇဝင်လူဆိုးကြီး တယောက်ပမာ အဖြစ်သာ သိရှိခဲ့ကြရသည်။

အင်္ဂုလိမာလ၏ ငယ်စဉ်ကျောင်းသားဘဝကာလ သူစာပေပညာကို သင်ယူသော ကျောင်းဆရာကြီး၏ဇနီးနှင့် ဆက်ဆံရသောအချိန်ကာလ၊ ကျောင်းနေဘက် သူငယ်ချင်းများ၏ ကောက်ကျစ်ယုတ်မာသောစိတ်ဓါတ်၊ အင်္ဂုလိမာလ၏ သန့်ရှင်းဖြူစင်သော စိတ်ထားမျိုးတို့ကိုမူ သိရှိနားလည်ကြသူတို့မှာ အလွန်ပင်နည်းပါးလိမ့်မည်ဟု ရိုးစင်းစွာ ထင်မြင်ယူဆမိပါသည်။

ထို့အတူ ယနေ့မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့မှာ အိန္ဒိယနိုင်ငံရှိ မြတ်စွာဘုရား ပွင့်တော်မူရာ၊ ပရိနိဗ္ဗာန်ပြုတော်မူရာ၊ ဓမ္မစကြာတရားဦးဟောတော်မူရာနှင့် အခြားတန်ခိုးကြီးသောနေရာဌါန၊ ပုထိုး၊ စေတီ၊ ဘုရား၊ ကျောင်းကန်တို့ကို ဖူးမျှော်ကန်တော့ရန် အလာမစဲ တသဲသဲ ဖြစ်နေကြပါသည်။

ဗုဒ္ဓမြတ်စွာဘုရားနှင့်ပတ်သက်၍ ရဟန်းတော်၊ ရဟန်းမြတ်များ အကြောင်း ကိုလည်း ဗုဒ္ဓဘာသာဝင်ဘုရားဖူးများနှင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ သိရှိနိုင်ရန် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ စာရေးဆရာဆန်တီဆွာရူဒ်ဗုဒ်၏ စာပုံနှိပ်တိုက်မှနေပြီး မြန်မာဘာသာဖြင့် ထုတ်ဝေလျှက်ရှိနေပါသည်။ အခြားအင်္ဂလိပ်ဘာသာနှင့် အခြားနိုင်ငံများဆိုင်ရာ ဘာသာတို့ဖြင့် ထုတ်ဝေထားသည့်အတွက်လည်း သာသနာရေး အကျိုးအလို့ငှါ မွန်မြတ်သည့် အလှူဒါနတခုအဖြစ် မှတ်ယူပြီး ဗုဒ္ဓဘာသာဝင် အပေါင်းတို့အား လက်ဆင့်ကမ်း ဖြန့်ဖြူးနေကြခြင်းဖြစ်ပါသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် နားလည်သဘောပေါက်လွယ်အောင် ရေးသားထားသော ဗုဒ္ဓစာပေကျမ်းဂန်တို့ကို ဖတ်ရှုလေ့လာရခြင်းအကျိုးကြောင့် ဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲစေလိမ့်မည်ဟုလည်း သောမနဿပီတိဖြစ်ရ၍ မြင့်မြတ်သောရဟန်းတော်တပါးဖြစ်သည့် အရှင်အင်္ဂုလိမာလဘဝသရုပ်စာအုပ်အား တည်းဖြတ်ပြုပြင် ထုတ်ဝေလိုက်ရကြောင်း အမှာရေးသားလိုက်ရပါသည်။

နိုင်အောင်ကျော်

၁၀၊ ၀၄၊ ၂၀၀၇

Generated by CamScanner from intsig.com

# “မြင့်မြတ်သော ရဟန်းတပါးဖြစ်သည့် အင်္ဂုလိမာလ”

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလက ဂုဏ်ပြုစံတင်လောက်သည့် ထင်ရှားကျော်ဇောသော ပုဂ္ဂိုလ်များ ရှိခဲ့ကြသည်။ သို့ရာတွင် ဗုဒ္ဓကိုမယုံကြည်သော တချို့သောသူတို့သည် ဗုဒ္ဓစာပေကျမ်းဂန်တို့ကို သက်ဝင်ယုံကြည်မှုမရှိအောင် ပြုလုပ်ခြင်း၊ အမှတ်တရမရှိအောင် ပြုလုပ်နိုင်ခြင်းဖြင့် ဗုဒ္ဓဝါဒကို တိမ်ကောပပျောက်စေသည်အထိ ရှိခဲ့ကြသည်။ ၎င်းအပြင် ဗုဒ္ဓ၏ကျော်ကြားမှုကိုလည်း တချို့ပုဂ္ဂိုလ်များက သူတို့ပြုမူ ဆောင်ရွက်ခဲ့သည့် နည်းလမ်းများထဲတွင် အထင်အရှားဖြစ်ပေါ်စေခဲ့သည်အထိ ရှိခဲ့ကြသည်။ ယင်းအထဲတွင် မြင့်မြတ်သောရဟန်းတပါးဖြစ်ခဲ့သည့် အင်္ဂုလိမာလ သည်လည်း တပါးအပါအဝင် ဖြစ်ပေသည်။

အင်္ဂုလိမာလရဟန်းတော်၏ ဘဝလှုပ်ရှားမှုအား တလောကလုံးမှ တလေးတစား အသိအမှတ်ပြုခဲ့ပေသည်။ လူကြီးလူငယ် အိမ်ရှင်မများ၊ သူတောင်းစားများကအစ သာမန်ရိုးရိုး အရပ်သားများ၊ စာပေပညာရှင်များစသော အားလုံးသောပုဂ္ဂိုလ်တို့သည် သူ၏ဘဝနှင့် ပါတ်သက်၍ စိတ်ခံစားလှုပ်ရှားမှုများကို ဖြစ်ပွားစေခဲ့ပေသည်။ အင်္ဂုလိမာလအား စွဲလမ်းနှစ်သက်မှုနှင့် တစုံတရာစိတ်လှုံ့ဆော်မှုများကို သူတို့ထိတွေ့ခံစားကြရသည်။

အင်္ဂုလိမာလ ဘဝတလျှောက်၌ အထူးမြင့်မြတ်သော စိတ်ကူးစိတ်သန်း၏ဝိသေသ လက္ခဏာများကို စာဖတ်သူတို့သည် တွေ့ရှိနိုင်ပါလိမ့်မည်။ သူ၏ကျောင်းနေဖက်များမှ ယုတ်မာကြမ်းတမ်းစွာ ဆိုးဆိုးရွားရွားပြုမူဆောင်ရွက်ချက်များနှင့် စိတ်ကိုထိခိုက်စေသည့် ဂရုဏာသက်မှုများကို တိုတောင်းသောအချိန်ကာလအတွင်း အလွန်အမင်း စိတ်ဝင်စားမှု များသည် သင့်အတွက် စိတ်လှုပ်ရှားမှုတစုံတခုအဖြစ် ဖြစ်ပေါ်လာပေလိမ့်မည်။

ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သိမ်မွေ့နက်နဲစွာ တရားဒေသနာ မြွက်ဟဆုံးမတော်မူသည့်အတိုင်း အကျွတ်တရားရရှိစေဖို့ ဝိုးတဝါးမြင်လာမှုတို့ကိုလည်း သူ၏ဘဝသရုပ်တွင် တွေ့ရပေလိမ့်မည်။

အခြားတဖက်တွင် လူ့အသိုင်းအဝန်း၌ အကြင်နာကင်းမဲ့စွာ ရက်စက်ကြမ်းကြုတ်၍ ဆင်ခြင်တုံတရားမရှိခြင်းကို ရိုပ်ကန်သန်းကနဲ တွေ့မြင်ရလျှင်ခွန်အားဗလကိုသုံးပြီး မည်သည့်လူတယောက်ကိုမဆို အကြမ်းဖက်မှုများ ပြုလုပ်တတ်လာသည့်ဟု ဆရာကြီး ဆင်ခြေဆင်လက်ပေး၍ ပြောသည်။ ဤသည်မှာ



ဆရာကြီးဒိချိနာ၏ ကျောင်းဆရာဘဝ စာသင်ခကြေးငွေဖြင့် နှိုင်းယှဉ်ပြောဆိုခြင်းဖြစ်သည်။

မည်သည့်အချိန်ခါ၌မဆို ဆိုးသွမ်းပျက်စီးနေသော လူတဦးအားအကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲစေရန်အတွက်ဖြစ်စေ (သို့မဟုတ်) မည်သည့်အခါဘဲဖြစ်ဖြစ် အကြင်နာတရားခေါင်းပါးပြီး အကြမ်းဖက်တတ်သော သူတဦးကြောင့် တရားမျှတမှုမရှိဘဲ ဖြစ်နေသည့်အပေါ် ထွက်ပေါ်လာသည့် ဒေါသမာန်မာနဖြင့် အစိပ်အပိုင်းတရပ်အနေနှင့် ထပ်တလဲလဲပြောဆို ဆွေးနွေးကြသည့်အချိန်တိုင်းမှာ ဗုဒ္ဓဘာသာဝင် လူခပ်သိမ်းတို့၏ စိတ်တွင်း၌ အင်္ဂုလိမာလ၏ အမည်နာမသည် အမှတ်တမဲ့ အမြဲဝင်ရောက်လာလေ့ရှိသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်တလျှောက်လုံး အင်္ဂုလိမာလ၏ထူးခြားသော ဂုဏ်အင်္ဂါရပ်များအား ရေးသားထားချက်သည် မည်သို့ဆိုသည်ကို ယခုအချိန်အထိ အထက်ပါအကြောင်းအရာများက သက်သေထူနေပေသည်။

ဂရုဏာတော်သခင် ဗုဒ္ဓမြတ်စွာဘုရားတွင် အကြောင်းအရာတခုထက် မြောက်မြားစွာသော အစိပ်ပွါယ်ပြည့်စုံသည့် ထူးခြားသည့် အရည်အချင်းများက ရှိနေပေသည်။

ဗုဒ္ဓ၏ဂုဏ်သိက္ခာ ကြက်သရေအပေါင်းနှင့်ပါတ်သက်ပြီး ရေးသားဖေါ်ပြနိုင်ရန်အတွက် ကျိုးကြောင်းဆီလျော်သော မည်သည့်ဘာသာ စကားလုံးဝေါဟာရတို့နှင့်မျှ ဖေါ်ပြရန်လည်း မတတ်နိုင်ပါ။

ထို့အပြင်ဗုဒ္ဓဆင်းတုတော်များ၏ နုတ်ခမ်းဖျားပေါ်တွင် အတုမရှိသည့်ထူးခြားသော ဂုဏ်သတ္တိများအနေနှင့် ချိုမြိန်သောအပြုံးဖြင့် ထုဆစ်ဖေါ်ပြထားချက်များရှိနေရာ စင်စစ်အားဖြင့် ယင်းမှာ ဗုဒ္ဓမြတ်စွာဘုရားသခင်၏သနားဂရုဏာကြီးမားလှပုံကို ဖေါ်ပြထားခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်ဖြစ်လာစေရန်အတွက် သူ၏တရားဒေသနာအတွက် ပြဋ္ဌာန်းချက်တခုကို လိုက်နာရန် ဗုဒ္ဓက ဤသို့မိန့်မြွက်ထားသည်။

“အို – ချစ်သား၊ ဘိက္ခုရဟန်းတို့ – အကယ်၍သူခိုးဓါးပြများက အသွားနှစ်ဘက်ရှိသည့်လွှတို့ဖြင့် သင်တို့၏ခြေလက်အင်္ဂါတို့ကို လှီးဖြတ်ခဲ့လျှင်လည်း ငါဘုရား၏ တရားတော်နှင့်အညီ လိုက်နာရန်၊ ၎င်းသူတို့အား စိတ်နလုံး သဘောထားကောင်းမွန်စွာ ရှိစေရပြီး သူတို့၏စိတ် ညစ်ညမ်းသွားစေရန် မပြုလုပ်ရချေဟု ငါဘုရားပညတ်တော် မူသည်”

Generated by CamScanner from intsig.com

ဗုဒ္ဓ၏တန်ခိုးအရှိန်အဝါသည် သူ၏တပည့်သာဝကများ၏ စိတ်ထဲတွင် အတိုင်းအတာတခုကဲ့သို့ အကြမ်းမဖက်မှုကို တည်ဆောက်သွတ်သွင်းခဲ့ရာ အင်္ဂုလိမာလ၏ ဘဝပြောင်းလဲသွားသော တန်ခိုးတော်ကိုကြည့်ရှု၍ ကျွန်ုပ်တို့အား သက်သေပြနေခြင်းဖြစ်သည်။

ဤနေရာတွင် စာပေပညာဗဟုသုတ နည်းပါးသူများနှင့် ခလေးသူငယ်များ၏ အကျိုးကျေးဇူးအတွက် အင်္ဂုလိမာလ၏ ဘဝဇာတ်လမ်းကို ကျွန်ုပ်တို့ တင်ပြရတော့မည်ဖြစ်သည်။

အင်္ဂုလိမာလသည် ကိုဆဲလ်ဒေသ၌ နာမည်ဆိုးဖြင့်ကျော်ကြားသော လူသတ်သမားတဦး ဖြစ်ခဲ့ပေသည်။ သူသည် လူများကိုသတ်ဖြတ်ပြီး သူတို့၏ လက်ချောင်းများကို ဖြတ်ယူကာ လည်ဆွဲပုတီးကဲ့သို့ ဝတ်ဆင်ထားလေသည်။

ဤကဲ့သို့ပြုလုပ်မှုကြောင့် သူသည် အင်္ဂုလိမာလဟု လူအများသိရှိလာကြသည်။ အင်္ဂုလိမာလ၏ အဓိပ္ပါယ်မှာ လက်ချောင်းများကို လည်ဆွဲပုတီးအဖြစ် ဝတ်ဆင်ထားသူဟု အဓိပ္ပါယ်ရသည်။

သီရိဂုတ်ထ အဆိုအရ တိပိဋကာ၏ အရေးပါသော စာအုပ်တွင် အင်္ဂုလိမာလ၏အမည်ရင်းမှာ အဟိံသက ဖြစ်သည်။ သူ၏ဖခင် ဘဂ္ဂဝါမှာ ပရာဆန်ဇီ တရားရုံး၏ အကြီးအကဲ ပုဂ္ဂိုလ်တဦးဖြစ်သည်။ သူ၏မိခင်အမည်မှာ မိတ္တရာယာနီဖြစ်ပြီး မိဖနှစ်ပါးစလုံး ဗြဟ္မီမျိုးနွယ်းများဖြစ်ကြသည်။

မိတ္တရာယာနီမှာ ပဋိသန္ဓေရှိလာသောအခါ မိသားစုအားလုံး ပျော်ရွှင်ဝမ်းမြောက် ဖြစ်ခဲ့ကြသည်။ အချိန်ကာလ တော်တော်ကြာလာပြီးနောက် သူတို့မိသားစု တယောက်အဖြစ် လက်ခံရမည့် ညွှဲ့သည်အသစ်ကြောင့်ဖြစ်သည်။ ထိုသတင်းသည်ကား လူတိုင်းကို စိတ်ကြည်နူးသွားစေသည်။

နေ့စဉ်နေ့တိုင်းလည်း အခမ်းအနားတခုကို ကျင်းပဆင်ယင်သကဲ့သို့ စတင်ကျင်းပကြခြင်းဖြစ်သည်။ သူတို့၏ဆန္ဒများ သူတို့မျှော်လင့်စောင့်စားနေသော ခလေးငယ်အား ကောင်းမွန်စွာ အန္တရယ်ကင်းကင်းဖြင့် မွေးဖွားရန်ဖြစ်သည်။

ခလေးငယ်အား မမွေးဖွားမီ မိဘများ၏အိပ်မက်ကိုအခြေခံပြီး အိပ်မက် ဟောကြားသူက အိပ်မက်အကြောင်း ဟောပြောသည်။ ယင်းမှာ မိတ္တရာဟာနီသည် ခလေးငယ်ကို မွေးဖွားပြီးနောက် ဤဒေသတဝိုက်တွင် အဓိဂရုဏ်းများနှင့် အလွန်တရာကြီးမားသော အကြမ်းဖက်မှုများ ဖြစ်လာမည်ဟု နမိတ်ထင်သည့် အိပ်မက်ဖြစ်ကြောင်း အိပ်မက်ဖတ်ကြားသည်။



ထိုအိပ်မက်အကြောင်းသည် ဘုရင့်မိသားစုကို မဖော်ပြနိုင်သော ဝမ်းနည်းပူဆွေးမှုကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့်လည်း နာကျင်မှုဝေဒနာအောက်တွင် စိတ်သောကများဖြင့် နေ့ရက်များကို သူတို့အဖို့ ကုန်ဆုံးစေရတော့သည်။

သို့သော်လည်း မိခင်မှာ ခလေးငယ်အား လွယ်ကူချောမောစွာ မွေးဖွား သန့်စင်ခဲ့သည်။ မြို့တော်အတွင်း ရှန်းရင်းဆန်ခက် အဓိကရုဏ်းများ (သို့မဟုတ်) မတော်တဆ အကြမ်းဖက်မှုများတို့သည်လည်း မဖြစ်ပွားပေ။ ငှင်းပြင် မိခင်ရောခလေးပါ ကျန်းမာပြီး လုံလုံခြုံခြုံ ရှိနေပေသည်။ ခလေးငယ်အား အဟိံသက ဟု အမည်မှည့် ခေါ်ဝေါ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူ့ကို မွေးဖွားသည့်မြို့တော်အတွင်း အကြမ်းဖက်မှု၊ ရှန်းရင်းဆန်ခတ်မှုများ မဖြစ်ပွားသောကြောင့်ဖြစ်သည်။ အဟိံသက သည် အကြမ်းမဖက်ဟု အဓိပ္ပါယ်ရသည်။

အဟိံသက ခလေးငယ်သည် စိတ်ညှိုးငယ်မှုများနှင့် မပျော်မရွှင်မှုများ မဖြစ်ချေ။ သူသည် သန်မာထွားကျိုင်းသော လူငယ်တဦးဖြစ်သည်။ သူ– အရွယ် ရောက်လာသောအခါ သူ၏ဉာဏ်ပညာနှင့် ပင်ကိုယ်စွမ်းရည်တို့ကို မြို့သူမြို့သားများ သိရှိလာကြသည်။ ယင်းသို့အားဖြင့် နှစ်များစွာတို့သည် ကုန်ဆုံး လွန်မြောက်လာခဲ့သည်။



"သူ့ကိုမွေးဖွားသန့်စင်ပြီးနောက် အကြမ်းဖက်မှုများတခုမျှ မဖြစ်ပွား၍ အဟိံသက ဟု သားဖြစ်သူအား အမည် မှည့်ခြင်း"

Generated by CamScanner from intsig.com

အဟိံသကကို ကျောင်းတွင် စတင်ပညာသင်ကြားစေတော့သည်။ သူသည် ဉာဏ်ပညာထက်မြက်သူတယောက် ဖြစ်လေသောကြောင့် သူ၏ဆရာကမေးသော မေးခွန်းများကို ချက်ချင်းဖြေဆိုနိုင်ပေသည်။

မြို့လူထုနှင့်ဘုရင့်ဆွေတော်မျိုးတော်တို့က သူ့သားတော်အား အဆင့်မြင့်ပညာ သင်ကြားစေရေးကို အကြံဉာဏ်ပေးကြသည်။

ထို့ကြောင့် အာစရိယဆရာ မနိဘန္ဒြ၏ ဆရာတ်ထာကျောင်းသို့ သားတော်ကို ပို့ဆောင်ရန် စီစဉ်ကြတော့သည်။ အဟိံသက မှာ မှတ်ဉာဏ်ကောင်းသည်သာမက ကြိုးစားမှုပါ ကောင်းမွန်သူဖြစ်သည်။

မနိဘန္ဒြသည် ထိုအချိန်၌သူ၏ကျောင်းတွင် ကျောင်းသားများကို နှစ်မျိုးနှစ်စား ခွဲထားသည်။ ပထမအမျိုးအစားမှာ ဆရာကိုကျောင်းလခပေးရသော ကျောင်းသားများ ဖြစ်ကြပြီး ဒုတိယအမျိုးအစားမှာ စာသင်ကြချိန်အတောအတွင်း ကျောင်းလခမပေးရသော သူများဖြစ်ကြသည်။

အဟိံသက သည် ကျောင်းလခမပေးရသော ဒုတိယအမျိုးအစားတွင် ပါဝင်သည်။ သူသည် အခြားကျောင်းသားများနှင့် လုံးဝဥသုံ ကွဲပြားခြားနားသော ကျောင်းသားဖြစ်သည်။

သူသည် သစ္စာတရားနှင့် ယုံကြည်မှုရှိပြီး လူများအပေါ် ရိုသေကျိုးနွံတတ်ခြင်း၊ အကျင့်သီလကောင်းခြင်း၊ ဂတိတည်ခြင်း၊ အမြော်အမြင်ရှိခြင်း၊ ဆန္ဒတပ်မက်မှုကို ထိမ်းချုပ်နိုင်စွမ်းရှိခြင်းနှင့် မှတ်ဉာဏ်စွမ်းရည်တို့ ရှိသူဖြစ်သည်။

အခြားအရာများအားလုံးထက်သူသည် ချိုသာသောစကားကို ပြောတတ်သည့် နူးညံ့သိမ်မွေ့သောကြောင့် သူ့ကိုလူသိများကြသည်။ သူ့မှာ ဆင်ပြောင်ကြီးခုနှစ်ကောင်မျှ ခွန်အားရှိသည်။

ဤကဲ့သို့အရည်အချင်း ရှိသည့်အတွက်ကြောင့် မကျေမနပ်ဖြစ်သည် အထိ အကြောင်းပြချက်တခုအနေဖြင့် မည်သူ့ကိုမျှ မပြုလုပ်ခဲ့ပေ။ သူ့မှာ မာန်မာနလည်းမရှိချေ။

သူ၏အကျင့်သီလကောင်းမွန်ခြင်းသည် သူ၏ကြီးကျယ်သော အရည်အချင်းတခု ဖြစ်လေသည်။ အဟိံသက သည် မနိဘန္ဒြကျောင်းတွင် ဗိသုကာပညာကိုသင်ကြားရန် ရိုးရိုးဖြောင့်ဖြောင့် စာရင်းပေးခဲ့သည်။ သူ၏ကျောင်းနေဖက် သူငယ်ချင်းများသည် ပထမ ကျောင်းတက်သည့်နေ့မှာပင် ရောင်ဖယ်ကြသည်။



တဖြည်းဖြည်းတရွေ့ရွေ့ အဟိံသက၏ဉာဏ်ပညာ စွမ်းရည်သည် ကျောင်းသားများအကြား လူသိများရေပန်းစားလာပြီး ဩဇာအရှိန်အဝါရှိသော သူတယောက်ဖြစ်လာသည်။ အာစရိယ မနိဘန္ဒြသည် အားလုံးသော ကျောင်းသားများထက် သူ့ကိုချစ်ခင်ပေသည်။



"သူ၏ဆရာက သူ့အား အလွန်တရာချစ်ခင်ကြောင်း ပြောဆိုနေပုံ"

အာစရိယဆရာသည်ကား လုံးလုံးလျားလျား အိုစာနေပေမင့် သူ၏မိန်းမဖြစ်သူ ဘဟန္ဒြီမှာမူ နုပျိုနေဆဲဖြစ်သည်။ စာသင်ကြားနေသည့် တဘက်မှာ နေ့ရောညပါ သူ့ဆရာ၏ အမှုကိစ္စများကိုလည်း ပြုလုပ်ပေးသည်။ အာစရိယ၏ အိမ်သည် အဟိံသက အတွက် အမြဲထာဝရ ဝင်ရောက်သွားလာခွင့် ရရှိသော အိမ်ဖြစ်သည်။ သူတို့တွင် သားသမီးတယောက်မျှမရှိ၍ ထိုအကြောင်းနှင့် စပ်လျဉ်းပြီး အလွန်စိတ်ဝမ်းနည်း ခံစားကြရလေသည်။

အဟိံသက အား အခြားတပည့်များထက် နှစ်သက်ချစ်ခင်သည်မှာလည်း သူ့တို့တွင် သားသမီး မရှိ၍သော်၎င်း၊ အခြားကျောင်းသားများထက် သူ့လိုနူးညံ့သိမ်မွေ့သော စိတ်နေသဘောထား ရှိ၍သော်၎င်း ဖြစ်လေသည်။

ထို့ကြောင့်လည်း သူ့အပေါ်မနာလိုစိတ်များ စတင်ဖြစ်ပေါ်လာကြသည်။ အားလုံး သောကျောင်းသားများ စုဝေးကြပြီး အဟိံသက ကို တိုက်ခိုက်ရန်နှင့် သူ့အားတိုက်ခိုက်ရန် အတွက်လည်း ပူးပေါင်းကြံစည်ကြတော့သည်။

သူတို့သည် အဟိံသက အား ဆန့်ကျင်တိုက်ခိုက်ရန် မကြာခဏ လုံးဝ မကြေနပ်မှုကို ထုတ်ဖော်ပြကြသည်။ သို့သော်လည်း အာစရိယ ဆရာကြီးက သူတို့၏တိုင်ကြားချက်များကို လက်မခံခဲ့ပေ။ ထို့အပြင် အဟိံသက မှာ အပြစ်ကင်းစင်သောသူတယောက်ဖြစ်ကြောင်း အမြဲ လေးလေးနက်နက် ထုတ်ဖော်ပြောဆို ခံရလေသည်။

သို့သော်လည်း မနာလိုသောကျောင်းသားများမှာ သူတို့၏တိုင်ကြားချက်များ ရှုံးနိမ့်အရေးမယူခြင်းကို လက်သင့်မခံကြချေ။ သူတို့သည် အဟိံသက အပေါ်တွင် နိမ့်ချပြီး ဆက်ဆံကြသည်။

သူတို့မှာ အရည်အချင်းနှင့်သူ၏အကျင့်သီလကဲ့သို့သော ကောင်းမွန်သည့်လက္ခဏာမရှိကြဘဲ သူ့ကိုစတင် ရန်ညိုးဖွဲ့ကြသည်။ ဘာမျှယှဉ်ပြိုင်ပြီး မစွမ်းဆောင် မလုပ်နိုင်သော ကျောင်းသားများက လမ်းကြိုလမ်းကြားမှ မကြာမဏဆိုသလို တိုက်ခိုက်ကြသည်။

တစုံတခုသော အဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် လမ်းပေါ်မှာ သွားနေသည့် အဟိံသက ကို ကျောင်းသားများက ရပ်တန့်စေခိုင်းခြင်း၊ သူ့အား ရန်ပွဲဖြစ်ရန်အထိ ရန်ရှာကြခြင်းတို့ရှိသည်။

သို့ရာတွင် အဟိံသက သည် သန်စွမ်းဖြတ်လပ်သူ တယောက်ဖြစ်သောကြောင့် သူတို့သည် အသက်ဘေးမှ လွတ်မြောက်စေရန်အတွက် ထွက်ပြေးခဲ့ကြရသည်။ ဤသည်မှာ နစ်အနည်းငယ်ခန့် ဖြစ်ပျက်ခဲ့သည်။ ထို့နောက် တချို့ကျောင်းသားတစုက အကြံဉာဏ်သစ်တခုကို ကြံဆကြ လေသည်။



"သူ့အပေါ်တွင် သူ၏ကျောင်းနေဖက်သူငယ်ချင်းများက မကြာမဏ ရန်ရှာနေကြစဉ်"



သူတို့ဆုံးဖြတ်ကြသည့် နည်းလမ်းတခုမှာ တချို့သောသူတို့က ဆရာကြီးအား တိုင်တန်းရန်ဖြစ်ပြီး တချို့ အခြားကျောင်းသားများက သူ့ပါဝင်ပတ်သက်နေခြင်းကို သက်သေခံရာ၌ ဆုံးရှုံးမှုဖြစ်အောင် မမှန်သတင်းများ ထွက်ဆိုရပ်တည်ပေးရန် ဖြစ်ပေသည်။ သူ့အားအပြစ်ပေးခြင်းမှ မည်သို့ထွက်မြောက်သွားမည်ဆိုသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရလိမ့်မည်ဟု သူတို့ သံမိဋ္ဌာန်ဆုံးဖြတ်ချက် ချလိုက်ကြလေသည်။

ဤကျောင်းသားများသည် အခြားကျောင်းသားများအတွင်း ဤအကြောင်းအရာနှင့် ဆွေးနွေးခဲ့ကြသည်။ သူတို့ဝန်ခံဆွေးနွေးဖြစ်ကြသည်။

"အဟိံသက သည် အလွန်ပညာဉာဏ်ကြီးသည်။ ထို့ကြောင့် သူ့အား ပညာဉာဏ်အမြော်အမြင်မရှိဟု မကြေငြာ မထုတ်ဖော်နိုင်ပေ။ သူသည် ကျိုးနွံနိမ့်ချသူ တဦးဖြစ်ပြီး ကျွန်ုပ်တို့က မာန်မာနကြီးသည်ဟု မခေါ်ပြောနိုင်။ သူသည် ပညာကြိုးစားသင်ကြားနေသော ကျောင်းသားတဦးဖြစ်၍ ကျောင်းသားသစ်ဟုလည်း လှည့်ပတ်မပြောဆိုနိုင်ချေ။ သူတို့ မည်ကဲ့သို့လုပ်နိုင်မည်နည်း။ သူ့ကိုပူးပေါင်းပြီး သူ့တို့ မည်သည့်အတွက်ကြောင့် မလုပ်နိုင်မှာလဲ"

သူတို့အထဲမှကျောင်းသားတယောက်ကမူ ပါးနပ်ပြီး ကောက်ကျစ်သော ဉာဏ်နီဉာဏ်နက်ရှိသောသူ တယောက်ဖြစ်သည်။

သူကအကြံပြုဆွေးနွေးသည်မှာ

"အဟိံသက ကို ဖျက်ဆီးဘို့အတွက် သူ့ကိုအာစရိယဆရာကြီးက ဆန့်ကျင်မည့် အကြောင်းအရာအား ဘာဖြစ်လို့ လှုံ့ဆွမပေးနိုင်ရမှာလဲ။"

မည်သည့်အချိန်အခါမဆို အာစရိယဆရာကြီး၏အိမ်သို့ သွားသည့်အခါတိုင်းမှာ ဆရာကြီး၏မိန်းမက အဟိံသက အပေါ်မှာ ကျေနပ်ရွှင်ပြုံးလျက်ရှိနေသည်။ သူမက ကြီးမားသောချစ်ခင်မှုတို့ဖြင့် သူ့ကိုဆက်ဆံ စေချင်သည်။ အဟိံသက နှင့် စကားကြာရှည် ပြောနေတတ်ပြီး အနံ့အရသာနှင့်ပြည့်စုံသော စားကောင်းသောက်ဖွယ်ရာများကို ကျွေးမွေးတတ်သည်။ သူမက တဏှာရမက်ကြီးမားစွာဖြင့် အဟိံသက ၏ချောမွေ့သော အသားအရေ၊ ကြီးမားတောင့်တင်းသော လက်မောင်းလက်ဖျံ၊ ကျယ်ပြန့်သောရင်အုပ်၊ တောင့်တင်းသောဗလတို့ကို မျက်စိကစား ကြည့်လေတော့သည်။ သူ၏လက်မောင်းကို ရမက်ကြီးစွာဖြင့် ပွတ်သတ်ကိုင်တွယ်ပြီး အဟိံသက၏

ပုခုံးနှင့်ယှဉ်ပြီး ထိတွေ့လိုက်သည်။ အဟိံသကမှာ သူမထံမှထွက်ခွာသွားနိုင်ဖို့ တောင်းပန် ကြိုးစားရတော့သည်။ သူမကမူ သူ့ကိုမေတ္တာရပ်ခံပြီး သူမနှင့်နေပေးရန် ပြောကြားသည်။



"ဘဟန္တီက အဟိံသကကို မထွက်ခွါနိုင်ရန် ကြိုးစားနေပုံ"

သို့သော်ငြားလည်း အသိဉာဏ်ပညာ ကင်းမဲ့သော မိန်းမတယောက်၏ လုပ်ထုံးလုပ်နည်းကဲ့သို့ အဟိံသကမှာ မသင့်တော်သော အရိပ်အမြွက်ကလေး တခုတလေကိုမျှ သူမကိုမပြသချေ။ သို့ရာတွင် သူ၏ပြိုင်ဖက်များဖြစ်သော အခြားကျောင်းသားများက ဤသတင်းကို သင်္ကာရန့်ရသွားကြသည်။ ထို့ကြောင့်လည်း အာစရိယဆရာကြီးကို ပြောပြကြရန် သူတို့ ဆုံးဖြတ်ထားကြသည်။

တရားဥပဒေကို လေးစားလိုက်နာမှုမရှိဘဲ ထွက်ပေါ်လာသော ဒေါသစိတ်မျိုးနှင့် အဟိံသက၏ မှန်ကန်သောစိတ်ထားမျိုးအား ဖယ်ရှားပြီး စိတ်ထားကောင်းမွန်မှုမရှိသည့် အခြေအနေကဲ့သို့ ဖြစ်စေချင်သည်။ သို့သော်လည်း မိန်းမတယောက်ထက် အကောင်းဆုံးသော ဆင်ခြေဆင်လက်များနှင့်ယိုးမယ်ဖွဲ့ပြီး အဟိံသကအား လုံးဝပင်လျှင် သမိုင်းအကြောင်းအရာထဲမှာ မပြုလုပ်မကြံစည်နိုင်ခဲ့ကြချေ။

မည်သို့ပင်ဖြစ်စေ ဉာဏ်ပညာရှိသောသူ (သို့မဟုတ်) ပညာသင်ကြားလေ့လာ ဆည်းပူးသူတို့ အဖို့မှာမူ ဇနီးဖြစ်သူတို့၏ သစ္စာတရားရှိမှုများအပေါ်နားလည် သိမြင်ထားမှုနှင့်စပ်လျဉ်း၍ သံသယ တစိုးတစိမျှ မထားလိုပေ။



အကယ်၍လူပြိန်းတယောက်ကဲ့သို့ သံသယမျိုးသာ ဝင်ခဲ့ပါလေကဆေးဘက်ဆိုင်ရာ၌ ကျွမ်းကျင်သောဆရာဝန်များပင်လျှင် သံသယများကင်းရှင်းပပျောက် သွားစေအောင် ကုသနိုင်စွမ်းရှိလိမ့်မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ယင်းပြဿနာမှာ ခင်ပွန်းဖြစ်သူ၏ ဘဝတလျှောက်လုံး သူ့အပေါ်ထာဝရ စိတ်ကိုလွှမ်းမိုးခြောက်လှန့် နေမည့်အရာပင်ဖြစ်သည်။

ယုတ်မာကောက်ကျစ်သော ကျောင်းသားများက အဟိံသက နှင့်အာစရိယ ဆရာကြီး၏ ဇနီးဖြစ်သူတို့အကြား လျှို့လျှို့ဝှက်ဝှက် ဆက်ဆံရေးကိုသက်သေထူပြီး ပြောဆိုနိုင်ကြရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။ ပြီးတော့သူတို့အချင်းချင်း သူတို့ကိုယ်တိုင် အုပ်စုသုံးစု ခွဲလိုက်ကြသည်။

၄င်းနောက် အုပ်စုတစုမှ ဆရာကြီးအား တိုင်ကြတော့သည်။ သူတို့သည် ဆရာကြီး အား အဟိံသက ဂါရဝပြုပြီး အနီးအနားတွင်ရပ်ကာတယောက်ကိုတယောက် တီးတိုး စကား ပြောနေကြသည်။

ဆရာကြီးက သူတို့အား မေးမြန်းတော့သည်။

"ငါ၏သားများ – ဤနေရာမှာ သင်တို့ဘာတွေများ ဖြစ်နေကြသနည်း"

"ဆရာကြီး – ဆရာကြီး၏မိသားစုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေသော အကြောင်းအရာများကို ကျွန်ုပ်တို့ပြောဆိုနေကြခြင်း ဖြစ်ပါသည်။"

တပည့်များက အဟိံသက နှင့်ဆရာကြီး၏ ဇနီးဖြစ်သူတို့မှာ အပြစ်မရှိဟန်ကဲ့သို့ အသွင်ဆောင်နေကြခြင်းဖြစ်သည်ဟု ပြောပြကြသည်။

"ငါ့သားတို့ – ထိုအဖြစ်အပျက်များမှာ ဘာလဲဆိုသည်ကို ငါ့ကိုကြောက်ရွံ့စရာမရှိဘဲ ပြောကြပေတော့ ငါသားတို့ "

ဆရာကြီးက စိတ်ယောက်ယက်ခတ်ပြီး ပြောလိုက်ခြင်းဖြစ်လေသည်။ ကျောင်းသားတယောက်က ဦးခေါင်းကိုညွတ်ကာ အရိုအသေပေးပြီး ပြောလိုက်သည်။

"ဆရာကြီး ၄င်းအကြောင်းအရာများကို သင့်အနေဖြင့် မနှစ်သက် မကြည်ဖြူနိုင်သော်လည်း ကျွန်ုပ်တို့ကမူ အမှန်အတိုင်းပြောရပါတော့မည်။ အကယ်၍ ကျွန်ုပ်တို့အား သင့်ကသာ ခွင့်ပြုမည်ဆိုလျှင် ပြောကြားခွင့်ပြုပါတော့"

အခြားသောကျောင်းသားတယောက်က ကြားဖြတ်ပြီး ဝင်ပြောသည်။

"ကျွန်ုပ်တို့စိတ်၌ ထင်မှတ်နေသည်မှာ ဆရာကြီး၏ဇနီးအား အဟိံသက သည် အလိုမတူဘဲ ဗလက်ကာရ ပြုနေသည်ဟု ထင်မှတ်နေကြသည် ဆရာကြီး"

ဆရာကြီးမှာ ဝုန်းကနဲ ဒေါသထွက်သွားသည်။ သူ–အော်ဟစ်ပြောလိုက်သည်။

"အင်မတန် မသမာညစ်ပါတ်တဲ့ မင်းတို့တွေ၊ ခုချက်ချင်း ငါ့မျက်စိအောက်က ထွက်သွားကြတော့။ ငါ့ကို သားတယောက်ကဲ့သို့ပြုစုနေပြီး ငါ့အနှစ်သက်ဆုံး အတိုးတက်ဆုံးဖြစ်တဲ့ ကျောင်းသားတယောက်ကို မနာလိုဝန်တိုမှု ဖြစ်နေကြတယ်။ သူ့အပေါ်မှာ အများအယွင်း တွေ့ရှိသည်ဆိုပြီး စွပ်စွဲနေကြသည်ကို၊ မင်းတို့သည်သာ ရက်စရာအဖြစ် ခံစားရပေလိမ့်မည်။ ငါနှင့်သူရဲ့ နှစ်ဦးအကြားမှာ စိတ်ဝမ်းတကွဲဖြစ်အောင် မင်းတို့ မဖန်တီး မကြိုးစားကြ လေနှင့်။ မသမာတဲ့ အကောင်တွေ။ ငါ့မျက်စိအောက်က အခုထွက်သွားကြတော့။"

ဆရာကြီးက ယင်းသို့အားဖြင့်ကျောင်းသားများကို ပြစ်တင်ကြိမ်းမောင်းလိုက်တော့သည်။

ဒုတိယအသုတ် ကျောင်းသားများက ဆရာကြီးအနား ချဉ်းကပ်လာကြသည့်အခါ စိတ်ဆိုးမာန်ဆိုး ဒေါသထွက်နေခြင်းမှာ မပျောက်ပြယ်သေး။

သူတို့ကလည်း အဟိံသက နှင့် ဆရာကြီး၏ဇနီးဖြစ်သူတို့နှစ်ဦးသား တိတ်တိတ်ပုန်း ဆက်ဆံနေမှုများကို တိုင်ကြားပြောဆိုကြသည်။ ဆရာကြီးမှာ တဖန်ဒေါသ အမျက် ထွက်ဖြစ်တော့သည်။

ပြီးတော့ သူကအောဟစ် ပြောဆိုလိုက်သည်။

"အဘယ်ကြောင့် အသုံးမကျသော စကားများကို သင်တို့ပြောဆိုနေကြသနည်း။ ငါ့တပည့် အဟိံသက သည် ဤကဲ့သို့ ဆိုးသွမ်းယုတ်မာမှုမျိုးကို မည်သည့်အခါမျှ ပြုလုပ်လိမ့်မည်မဟုတ်"

သူတို့၏အစီအစဉ်အတိုင်း တတိယအုပ်စု ကျောင်းသားများက ဆရာကြီးထံ ချဉ်းကပ်လာပြီးနောက် ဆရာကြီး၏ဇနီးနှင့် အဟိံသက တို့ နှစ်ဦးကြားတွင် တစုံတရာ သင်္ကာမကင်းစရာရှိသည်ဟု အနိုင်အမာ ပြောဆိုကြသည်။ သို့ရာတွင် အာစရိယ ဆရာကြီးမှာ အဟိံသက အပေါ် ယုံကြည်စိတ်ချမှု ရှိနေသည်ဟု ၎င်းကျောင်းသားများကို ပြောလိုက်သည်။

"အဟိံသက သည် ဤကဲ့သို့သော အကုသိုလ် ဒုစရိုက်များကို ဘယ်သောအခါမျှ ကျူးလွန် လိမ့်မည်မဟုတ်ချေ။ ငါကိုယ်တိုင်ပင်လျှင် ငါ့ကိုငါ သံသယရှိချင်



ရှိနိုင်သည်။ သို့သော် အဟိံသက မှာ ယင်းကဲ့သို့ဖြစ်မည့်လူစားမျိုးမဟုတ်။ ဟို – အဝေးကို ထွက်သွားကြစမ်း။ ဤနေရာမှ အပြင်ဘက်သို့ ထွက်သွားကြစမ်း"

"အို–လေးစားအပ်ပါသော ဆရာကြီး၊ သင်သည် ကျွန်ုပ်တို့အပေါ်မှာ အဖအရာပင် ဖြစ်ပါသည်၊ အဘယ့်ကြောင့်သင့်ကို ရှေးယခင်က မမှန်ကန်သော စွပ်စွဲမှုကို မပြောမဆိုဘဲ နေခဲ့ကြသနည်း၊ အဘယ်ကြောင့် ကျွန်ုပ်တို့က ဤကဲ့သို့ပြုလုပ်မှုကို ကြံရွယ်ကြမည်နည်း၊ အကယ်၍ကျွန်ုပ်တို့ကို သင့်အနေဖြင့် ယုံကြည်မှုမရှိလျှင် သင်ကိုယ်တိုင် ကြိုးစားနိုင် ပါသည်၊ မြင်သာထင်သာ ရှိသည့် သက်သေမပြနိုင်သည့် ဆိုသော်လည်း အမှန်တရားကတော့ လိုအပ်ပါသည်"

သို့ရာတွင်ကောက်ကျစ်ယုတ်မာသော ကျောင်းသားများ၏ ကြိုးပမ်းလှုံ့ဆော်မှုများ သည်ကား မအောင်မြင်ခဲ့ပါ၊ သူချစ်ခင်သောတပည့်ကို ပု[illegible] ဖျက်ဆီး တိုက်ခိုက်ပြောဆို ရန်အတွက် မည်သည့်စကားလုံး တလုံးတလေကိုမျှ နားထောင်လိုစိတ် သူ့မှာဆန္ဒမရှိ ဖြစ်လာရသည်။

တနေ့တွင် ကောသလပြည့်ရှင် ပသေနဒီတ မင်းကြီးက လောလောဆယ်ဖြစ်ပေါ်နေသည့် တချို့သောအကြောင်းအရာများနှင့် ပါတ်သက်၍ အာစရိယဆရာကြီး ဘဟန္တီကို ဆင့်ခေါ်လေသည်။

ထို့ကြောင့် သာဝတ္ထိသို့ ထွက်ခွာသွားရမည့်အတွက် သူ၏အချစ်ဆုံး တပည့် အဟိံသက အား ခေါ်ယူပြီးမှာကြားရသည်။

"အဟိံသက–ငါသည် ဘုရင်ပသေနဒီတမင်းကြီးက အချို့သောကိစ္စများနှင့် ပါတ်သက်၍ သိလိုသည့်အတွက် ဆင့်ခေါ်သောကြောင့် သွားရတော့မည် ဖြစ်သည်။ ထို့ကြောင့်သင်သည် အာချာရာမကျောင်း၏ တာဝန်ခံအဖြစ် ဆောင်ရွက်ရလိမ့်မည်။ ညနေပိုင်းကျလျှင် ငါပြန်လာခဲ့မည်။ သင်–သိမှတ်ထားရမည်မှာ ကျောင်းသားများနှင့် ဧည့်သည်များ ပြဿနာမဖြစ်ရန် ဂရုစိုက်ပါလေ"

အဟိံသက သည် လက်ပိုက်ပြီး သူ့ဆရာကြီး၏ စကားကိုနားလည်ကြောင်း ပြန်ပြောလိုက်သည်။

"ဆရာ–သင်၏အမိန့်အတိုင်း တသွေမတိမ်း တိတိကျကျ ဆောင်ရွက်ပါမည်၊ မည်သည့် အကြောင်းအရာ တစုံတခုကိုမျှ မစိုးရိမ်ပါနှင့်"

ထို့နောက်တွင် ဆရာကြီးသည် ဘုရင်ကြီးနှင့်တွေ့ဆုံရန် ထွက်ခွါသွားလေတော့သည်။

Generated by CamScanner from intsig.com

အာစရိယဆရာကြီး မရှိတော့သည်နှင့် ယင်းအခြေအနေကို အခွင့်အရေးယူကာ ဆရာကြီး၏ဇနီး ဘဟန္တီက အဟိံသက အား ဆင့်ခေါ်လေသည်။ သူမ၏မျက်နှာကို အလှပြင်ဆင်ထားပြီး လက်ဝတ်ရတနာများနှင့် အလှဆုံးအဝတ်အစားများ ဝတ်ဆင် ထားသည်။

အဟိံသက အား ပို၍ညို့ယူပြုစားနိုင်အောင် သူမ၏မျက်ရစ်များတွင် ဆေးခြယ်ထားသည်။ တကိုယ်လုံးကိုလည်း ရေမွှေးများဖြင့်ဖြန်းကာ မျက်နှာကိုလည်း အထူးလိမ်းခြယ်လိုက်သည်။

ထို့နောက် အဟိံသကကို သူမစောင့်ဆိုင်းနေတော့သည်။ မျှော်လင့်ချက်ကြီးစွာနှင့် တံခါးပေါက်ကို သူမက ကြည့်ရှုနေသည်။ တံခါးပေါက်ကို သွားလိုက်၊ သူမ၏အိပ်ရာ ပေါ်မှာထိုင်လိုက်နှင့် ခေါက်တုံ့ခေါက်ပြန် သွားလာနေသည်။ နောက်ဆုံးတွင် အဟိံသက သည် သူမ၏အခန်းသို့ ရောက်ရှိလာသည်။



"အဟိံသကအား မနာလိုသောကျောင်းနေဘက်များ ဆရာ့ထံ ဂုဏ်းတိုက်နေပုံ

အဟိံသက ကို မြင်သည့်နှင့်သူမ၏ရင်မှာ ခုန်လာခဲ့လေသည်။ သူက ရိုသေ လေးစားစွာ လက်ပိုက်ပြီး မိခင်ကိုသားဖြစ်သူက နှုတ်ဆက်သကဲ့သို့ ဂုရုမာတာဟုခေါ်ပြီး နှုတ်ဆက်လိုက်သည်။



ဂုရုမာတာဆိုသည်မှာ ဆရာကြီး၏ဇနီးဖြစ်သူကို ခေါ်ဆိုခြင်းဖြစ်သည်။ သူက ဆရာကြီး ၏ဇနီးကို မိခင်တယောက်ကဲ့သို့ ဆက်ဆံထင်မှတ်ထားလေသည်။

"ရိုသေလေးစားအပ်ပါသော မိခင်၊ ဤနေရာကို ကျွန်ုပ်အား သင်ကဆင့်ခေါ်သည်မှာ မည်သည့်အရေးတကြီး အကြောင်းအရာများ ရှိနေပါသနည်း"

သူကမေးလိုက်ခြင်း ဖြစ်သည်။

ဘဟန္တီက မတော်မရော်ပုံစံမျိုးဖြင့် ခြေလှမ်းပြင်ပြီး အသက်ကိုခတ်ပြင်းပြင်း ရှူရှိုက်ကာ ရှေ့သို့လျှောက်လာသည်။ ၄င်းနောက် အဟိံသက၏ပခုံးပေါ်သို့ လက်ကို တင်လိုက်သည်။ အဟိံသက မှာ ခုန်၍တဘက်သို့ ရှောင်လိုက်သည်။ ၄င်းနောက်သူမကို မေးတော့သည်။

"ရိုသေလေးစားရသောမိခင်–သင်သည် အဘယ့်ကြောင့် ဤကဲ့သို့ လုပ်ရပါသနည်း"

သူမက သူ့မျက်လုံးကို ရမက်ကြီးစွာဖြင့် ကြည့်လိုက်သည်။ သူမမှာ သူ့ကိုတဏှာ ပြင်းစွာဖြင့် စိုက်ကြည့်ပြီး ပြန်ပြောသည်။

"အဟိံသက ထုံထိုင်းသလို ရိုးအတဲ့ပုံသဏ္ဌာန်မျိုးနဲ့ ဘာဖြစ်လို့ကြိုးစားလုပ်နေ ရတာလဲကွယ်၊ သင်သာ ငါ့အပေါ်ဘယ်လို နှစ်သက်ရမယ်ဆိုတာကိုသာ အမှန်တကယ် နားလည်ပေးဖို့ ကြိုးစားပေးလိုက်ပါတော့၊ မင်းရဲ့ ဒီဗလကြီးမားတဲ့ကိုယ်ကို ငါ–သိပ်ပြီး မက်မောမြတ်နိုးတယ် အဟိံသက"

အဟိံသက မှာ လက်ကိုပိုက်ယင်း ပြန်ပြောလိုက်သည်။

"မည်သည့်အတွက်ကြောင့် ကျွန်ုပ်က နားလည်ပေးရမည်နည်း၊ သင်ဟာ ကျွန်ုပ်၏မိခင် တယောက်ပမာ ဖြစ်နေသလို သင့်ပေါ်မှာ အလုပ်အကျွေး ပြုနေရတဲ့သူတဦးလဲ ဖြစ်နေပါတယ်၊ မိခင်တိုင်းဟာ သူတို့ရဲ့သားသမီးများကို ချစ်ခင်ကြသလို သင်ဟာလဲ ကျွန်ုပ်ကို သားသမီးကိုချစ်ခင်သလို ချစ်ခင်ပါလား"

ဘဟန္တီက ချက်ချင်း ပြန်ပြောလိုက်သည်။

"သင်ပြောသည့် ၄င်းအရာများထက်ပင်လျှင် သင့်ကို ငါ့ချစ်ခင်နှစ်သက်တာကို သင်မသိဘူး အဟိံသက၊ မိခင်ဟူ၍ မခေါ်ပါနှင့် တောင်းပန်ပါရစေတော့ သင်ဟာ အမှန်တကယ် အားဖြင့် ငါ့အတွက် အင်မတန်မြတ်နိုးတဲ့ အရုပ်ကလေးတရုပ်ပါဘဲ"

Generated by CamScanner from intsig.com



"ငါ၏အချစ်ဆုံးတပည့်အား ယျှလိုဂုဏ်းတိုက်ပြောဆိုတာ နင်းတို့မရှက်ဘူးလားဟု ဆရာကပြောနေပုံ"

အဟိံသက မှာ ပြန်ပြောရတော့သည်။

"မိခင်–သင် မည်ကဲ့သို့ ပြောပါသနည်း၊ သနားကြင်နာမှုများဖြစ်လာစေရန် ယခုလို တဏှာရမ္မက်ဆန်သောစကား မပြောသင့်ပါ"

ဘဟန္တြီက အဟိံ သက ကို ပွေ့ဖက်လိုက်ပြီး တဏှာရမက်ကြီးစွာနှင့် ပြောလိုက်သည်။


"ချစ်တဲ့ကလေးရယ် ဘာကိုမျှ ကြောက်မနေပါနှင့်တော့"

ပြီးနောက် သူ့၏မေးစေ့ကို လက်နှင့်ထိကစားလိုက်သည့်အပြင် သူ၏ နှုတ်ခမ်းနှင့် သူမ၏နှုတ်ခမ်းကို မထိတထိလုပ်ပြီး သူ၏မျက်လုံးအား စူးစူး စိုက်စိုက် ကြည့်လေတော့သည်။

သူမကဆက်ပြီးပြောသည်။

"အို ချစ်လှစွာသော လူကလေးရယ် ငါ၏နှလုံးသားမှာ နှစ်ကာလကြာမြင့်စွာ ဆာလောင်ပြင်းပြနေတဲ့ တော်ငွတ်နေမှုကို ခဏတာလေးမှာ ပြေငြိမ်းခွင့် ပေးပါ လားကွယ်။"





"ဆရာက သူ၏အချစ်ဆုံးတပည့်နှင့်ပတ်သက်၍ ဤသို့စကားမျိုးကို မကြားချင်ဘူးဟု ပြောနေပုံ"

အဟိံသက မှာ စိတ်အနှောင့်အယှက်ဖြစ်သွားရပြီး သူမ၏လက် ကိုလည်း အခြားတဘက်သို့ တွန်းဖယ်လိုက်သည်။

"မိခင် သင်၏ရည်ရွယ်ချက်တွေကို ပြုလုပ်နိုင်ဖို့ ကျွန်ုပ်ဘာမှမဖြစ်နိုင်ပေ၊ ထိုအရာတွေကို ကျွန်ုပ်ထံမှ သင်ဘာကိုအလိုရှိသည်ဆိုသော ရိုးရိုးစကား မျိုးထက် ခက်ခဲ့သောပုစ္ဆာများ ဖြစ်နေသည်"

"အဟိံသက သင်ဟာ မသိနားမလည်တဲ့ လူတယောက်ပေဘဲ၊ ဤဟာ တွေက ခက်ခဲတဲ့ ပုစ္ဆာမဟုတ်ဘူး၊ အမှန်တကယ် ဖြစ်နေတာတွေ" ဘဟန္တြီက ဆက်ပြီး ကြီးမားစွာ ရင်ဖွင့်ပြောနေသည်"



"ဆရာမရှိသည့်အချိန်တွင် အဟိံသကနှင့် အခြားတပည့်ကျောင်းသားများကို စောင့်ရှောက်ထားပါဟု ဆရာက မှာကြားနေပုံ"

"ကျွန်ုပ်ချစ်သောလူကလေး၊ ဘင်၏ဆရာမှာ အိုမင်းမစွမ်းဖြစ်နေပြီ၊ သူသည် အသုံးမကျတဲ့ လူဖြစ်နေသည်၊ ကျွန်ုပ်မသည် တဏှာရမက်အားဖြင့် ဘာမျှ မသိနားမလည်ဘဲ ခလေးမရှိသော မိန်းခလေးတယောက်လို ဖြစ်နေရသည်၊ နိယောကသဏ္ဌာန်ကလည်း အခြားလူတယောက်နှင့် ကိုယ်ဝန်ရရှိစေရန် အစရိယက ကျွန်ုပ်အားခွင့်ပြုထားသည်၊ ထို့ကြောင့် သင့်အနေဖြင့် ကျေနပ် နှစ်သိမ့်မှုဖြစ်လာစေရန် ကျွန်ုပ်မ၏ တောင့်တနေတဲ့ ဆန္ဒတွေနဲ့ ထိတွေ့စေဖို့ အခုဘဲကျွန်ုပ်မကို ပွေ့ဖက်ပါတော့၊ အဟိံသက နဲ့ ပါတ်သက်တဲ့ သားတ ယောက်ကိုတော့ ကျွန်ုပ်မကိုပေးပါ။



*"အိုမိခင်–ကျွန်ုပ်အား အဘယ်ကြောင့်ခေါ်ရပါသနည်း အဟိံသကက ဆရာမအားပြောနေပုံ"*

အဟိံသက မှာ ယင်းစကားကို ကြားလိုက်ရသည့်အခါ၌ မူးမေ့ တွေဝေသွားသည်၊ တခြားတဘက်သို့ခုန်ပြီး ပြန်ပြောလိုက်သည်။

"မိခင် သတိတရားထား ဆင်ခြင်ပြီး စကားပြောစေချင်ပါသည်၊ သင်ဟာ ကျွန်ုပ်၏မိခင် ကဲ့သို့ အမေတယောက်ဖြစ်ပါသည်၊ ကျွန်ုပ်အားခွင့်လွှတ်ပါ ကျွန်ုပ်ဘဝ ပျက်စီးရာပျက်စီး ကြောင်း မဖြစ်ပါစေနှင့်"



ဘဟန္တြီကပြောသည်။

"မဟုတ်သေးဘူး၊ ကျွန်ုပ်မ၏လူကလေး၊ ယနေ့တနေ့လုံး ကံအားလျော်စွာ အခြေအနေကောင်း ဖြစ်လာမည့်ဟာတွေကို ကျွန်ုပ်ကြည့်ရှုပြီးပြီ ဆရာကြီး မရှိုက်မှာ အခွင့်အလမ်း စောင့်ဆိုင်းနေရတဲ့အခါမှာ စိတ်အားထက်သန်စွာနဲ့ ရှိနေတဲ့ ကျွန်ုပ်မတို့အတွက်တော့ ဒါတွေဟာ ခွင့်ပြုထားခြင်းပါဘဲ၊ ဤဟာကို အဆုံးရှုံးမခံပါရစေနဲ့တော့– လာပါ၊ ငါ့ကို ဖက်ထားပေးပါ၊ ငါ့ရဲ့အချစ်ဆုံး ချစ်သူ ရယ်"

အဟိံသက ပြန်ပြောတော့သည်။ "ဤဟာကတော့ မည်သည့် နည်းနှင့်မျှ မဖြစ်နိုင်ပါမိခင် မဖြစ်နိုင်ပါ၊ ကျွန်ုပ်သည် နိယောကကို ကြည့်ပြီးပြီ၊ ထိုဟာသည် ကိုယ်ကျင့်တရား ကောင်းမွန်မှုနှင့် ဆန့်ကျင့်ပြီး ဒုစရိုက်မှုလည်း ဖြစ်ပါသည်၊ ကျွန်ုပ်သည် ထိုဒုစရိုက်မှုမျိုးကို မည်သည့်အခါမျှ ကျူးလွန်လိမ့်မည် မဟုတ်ချေ၊ ကျွန်ုပ်ကိုခွင့်လွှတ်ပါ၊ ကျွန်ုပ်ကိုသွားခွင့်ပြုပါတော့"

သူအလျှင်အမြန်ထွက်ပြေးသွားလေသည်။

သူမက မှီအောင်လိုက်သော်လည်း သူကအဝေးသို့ ထွက်ပြေး သွားသည်၊ မမှီတော့ သောကြောင့် သူမက မချိတင်ကဲ ငိုယိုရှာတော့သည်၊ ဒါဏ်ရာရနေသော မြွေဟောက်ဘုရင်မ တကောင်လို တရှိုးရှိုးမြည်နေသော အသံတို့ဖြင့် ရှိုက်သံနှင့် ငိုယိုနေတော့သည်။

"လူကလေးရယ် သင်ဟာ ငါ့နဲ့ဝေးရာကို ဘယ်တော့မှ ထွက်ပြေး၍ မရနိုင်ဘူးလေ။"

သူမကပြောသည်။

"ငါ့ရဲ့ဘဝမှာ အနိုင်ယူသွားမှုကို မည်သည့်အခါမျှ ခွင့်ပြုတဲ့ လူမဟုတ်ဘူး၊ ယခု ငါဘာလုပ်မည်ဆိုသည်ကို သင်မြင်တွေ့လာရလိမ့်မည် လူကလေးရယ်"

ဘဟန္တြီစဉ်းစားသည့်အကြောင်းအရာတခုမှာ သူ့ဆရာကို ဤအ ကြောင်းအရာနှင့် ပါတ်သက်၍ ဒုစရိုက်အပြစ်တခုအဖြစ် နိယောကစနစ် သဏ္ဌာန်မျိုး ထင်မြင်ယူဆ သွားနိုင်ရန်လည်းဘဲ ကျိန်းသေမုချ အဟိံသက မှာ ပြောမည်သေချာသည်။ သူ့ဆရာသည် ဒေါသထွက်ပြီး တစုံတရာ လုပ်ကောင်း လုပ်နိုင်သည် သူမအဘို့ ကိုယ့်ကိုယ်ကို ကာကွယ်ရန် တခုခုတော့ ပြုလုပ်ရမည်၊ သူမက မဆီလျော် မဖြစ်နိုင်သော အကြောင်းအရာတချို့ဖြင့် လုပ်ကြံဇာတ်လမ်း ပြုလုပ်ရန် စဉ်းစားလေတော့သည်။

Generated by CamScanner from intsig.com

ထို့ကြောင့်သူမက မျက်ရည်များကျနေပြီး ကိုယ်ခန္ဓာကို ခြစ်ရာများ ထင်အောင် ကုတ်ခြစ်လိုက်ကာ အဝတ်အစားများကိုလည်း ဆုတ်ဖြဲလိုက်သည်၊ ယင်းသို့ပြုလုပ် ရခြင်းမှာ တစုံတဦးက လုံးလုံးလျားလျား မြင်သည်နှင့်ဒါဏ်ရာ ဒါဏ်ချက်များကိုပါ တွေ့မြင် သွားနိုင်စေရန်ဖြစ်သည်၊ သည်နောက်တွင် သူမ ကိုယ်ကို သူမကိုယ်တိုင် အိမ်တိုင်တွင် ချည်နှောင်လိုက်လေသည်။

အာစရိယဆရာကြီးမှာ ညနေပိုင်းတွင် အိမ်ကိုပြန်ရောက်သောအခါ သူမိန်းမငိုနေသံကို ကြားရလေသည်၊ သူကမေးလိုက်သည်။

"မိန်းမရယ်–အခုဖြစ်နေတာဟာ အမှန်တကယ်ဘဲလား၊ ဒါမှမဟုတ် ဒါအိမ်မက်ပေ ဘဲလား"

ဘဟာန္တီက ပြန်ပြောတော့သည်။

"ကျွန်ုပ်မ၏ အရှင်သခင်၊ သင်၏တပည့် အဟိံသက သည် ဗလက်ကာယ အတင်းအဓမ္မ ပြုလုပ်ခဲ့သည်၊ သူ ဤကဲ့သို့ပြုလုပ် ထားခြင်းဖြစ်ပါသည်၊ အဖြစ်အပျက်အမှန်တရားတွေကို သင်အားပြောကြားရန် ကျွန်ုပ်မအနေဖြင့် အထူးရှက်လွန်း ခံစားနေရပါသည် အရှင်။"

အာစရိယဆရာကြီးကမေးတော့သည်။

"မည်သည့်အကြောင်းအရာတွေ ဖြစ်နေသလဲ၊ နားလည်လွယ်အောင် ပြောစမ်းပါ"

သူမကမျက်ရည်တွေတွေကျပြီး ငိုယိုပြောသည်။

"သခင်– သင် မရှိချိန်မှာ အိမ်ခန်းတွင်းသို့ချိုးဖေါက်ပြီး အဟိံသက ဝင်လာသည်၊ ကျွန်ုပ်မ၏အိပ်ရာပေါ်မှာ သူကအတင်းအဓမ္မ ကျွန်ုပ်မအား ဗလက်ကာယပြုလုပ်ရန် ကြိုးစားပါတော့သည်၊ ကျွန်ုပ်မမှာ နည်းအမျိုးမျိုးနဲ့ ဣန္ဒြေ သိက္ခာကို ကာကွယ်ရန်အတွက် ပြုလုပ် ခဲ့ရပါသည်၊ အရှက်သိက္ခာမရှိသော သူ့အား ကာကွယ်တိုက်ခိုက်ခဲ့ရသည့်အတွက် ဒါဏ်ရာတွေ ရရှိခဲ့ပေပြီအရှင်"

ကျောင်းသားများက စွပ်စွဲပြောဆိုခြင်းများသည် ယခုအချိန်ထိတိုင် အောင်ပင် အာစရိယဆရာကြီးက မမှန်ကန်ဟု ထင်မှတ်ခဲ့သည်၊ ယခုမူ သူ့ကို အမှန်ဟု မြင်သွားသည်၊ သူ၏ထင်မြင်ယူဆချက်ကို မစဉ်းစား မပြင်ဆင်ဘဲ ယင်းသို့ သတ်မှတ်လိုက်ခြင်းဖြစ်သည်၊ သူ၏ဒေါသသည် အကန့်အသတ်မရှိ ထွက်လာသည်။ ဆရာကြီး ဒေါသကြီးမားစွာ ထွက်နေချိန်မှာ စဉ်းစားရာ၌



အဟိံသက သည် ရှုးများရှူးသွားဟန် ရှိလေသည်ဆိုလျှင် သူ့ကို သတ်သင့်သည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ဆရာကြီးမှာ စဉ်းစားယင်း တဆတ်ဆတ်တုန်ခါနေသည်၊ သူသည် အကောင်းအဆိုး အကြောင်းအကျိုးမဖြစ်သည့်ရလာဒ်ကို ချင့်ချိန်စဉ်းစား ရတော့သည်၊ ဤသည်မှာ တရားသဖြင့်ဖြစ်မဲ့အကြောင်းအရာမျိုး မဟုတ်နိုင်ချေ။

သူ့မှာ စဉ်းစားနေရတော့သည်။

"အကယ်၍ အဟိံသက ကို ငါသတ်မည်ဆိုလျှင် ငါ၏ကျောင်းသို့ သူတို့၏ ခလေးများအား တစုံတဦးကမျှ ပို့လိမ့်မည်မဟုတ်ပေ၊ သူတို့အနေဖြင့် အမှန် တကယ်ပြောမည့် အကြောင်းမှာ အဟိံသက သည် ငါ၏ကျောင်းသားများကို သတ်ဖြတ်နိုင်သောသူဖြစ်သည်၊ ထို့သို့ဆိုလျှင် သတ်သူမှာ ဆရာကြီး မဟုတ်ရချေ၊ လူသတ်သမားတယောက်သာ ဖြစ်လိမ့်မည်၊ ယင်းမကောင်းမှု ပြစ်မှုတခုစီသည် ငါ့ကိုအသရေပျက်စေမည်ဖြစ်သည်၊ ငါ၏ဂုဏ်သိက္ခာ ထင်ရှားကျော်ကြားမှုနှင့် အသက်မွေးဝမ်းကျောင်း တခုလုံးကို ဖျက်ဆီးစေမည်ဖြစ်သည်၊ တစုံတယောက်ကိုမျှ ငါ၏မျက်နှာကိုပြရန် ငါမဖြစ်နိုင်တော့၊ သို့အတွက်ကြောင့် ယခုကဲ့သို့ ပြုလုပ်ရန် မစဉ်းစားသင့်တော့"

ထို့နောက်သူသည် နောက်ထပ်တမျိုးစဉ်းစားတွေးတောပြန်သည်။

"ဤဟာကတော့ မှန်နေပြီးဖြစ်သည်ဟု ကောက်ချက်ချရမည်ဖြစ်သည်၊ အကယ်၍သူ့ကို ကောက်ကျစ်စဉ်းလဲစွာဖြင့် သတ်လိုက်လျှင် ထိုအကြောင်း ကိုတချိန်ချိန်၌ တဦးတလေတောင်မဟုတ်ဘဲ တခြားလူများပါ သိသူများ ရှိချင် ရှိနေမည်၊ သို့ဆိုလျှင် ငါ့စိတ်မှာ ဘယ်မှာငြိမ်းချမ်းစွာ ရှိနေမည်လဲ"

သူကစဉ်းစားပြန်သည်။

"အကယ်၍ဤလူယုတ်မာကို မသတ်ခဲ့လျှင် ငါ့မှာ ဘယ်နည်းနှင့်မဆို သူ့အကြွေးကတော့ ပေးဆပ်ရန်တင်နေပြီဖြစ်သည်။"

Generated by CamScanner from intsig.com



"မဟုတ်ဘူးမိခင်–တပည့်က ဤအပြစ်မျိုးကို မကျူးလွန်နိုင်ပါဟု အဟိံသကက ဆရာမအားပြောနေပုံ"

ယင်းသို့အားဖြင့် သူသည် စဉ်းစားဆင်ခြင်သကဲ့သို့ သူ့ကိုအကျိုးယုတ်စေနိုင်သော သူ၏ကိုယ်ကျင့်တရားနှင့်ပတ်သက်၍လည်း ကောက်ချက်ချကြည့်သည်၊ အကယ်၍ကြိုတင်ကာကွယ် ဆင်ခြင်မှုယူသည်ဟုဆိုလျှင် ရာဇဝတ်ပြစ်မှုမမြောက်ပေမင့် လက်ရာ ခြေရာများကို မဖုံးကွယ်နိုင်ဘဲ ရှိနေမည်ဖြစ်သည်။

ထို့ကြောင့်အစရိယဆရာကြီးမှာ ၎င်းအစီအစဉ်ကို စွန့်လွှတ်လိုက်လေသည်။ သို့သော်ငြားလည်း သတ်ချင်စိတ်မှာမူ ပေါက်နေသည်။

သူ့မှာစိတ်သက်သာမှု မရနိုင်တော့၊ တညလုံးအိပ်မပျော်ဘဲ အချိန်တွေကုန်ဆုံး သွားခဲ့သည်၊ ထို့နောက် အစီအစဉ်တခုကို သူစဉ်းစားလိုက်သည်၊ အဘယ့်ကြောင့် လူပေါင်းတထောင်ကိုသတ်ရန် အမိန်းမပေးခဲ့သနည်း၊ သူအံ့သြသွားသည်၊ ယင်းသို့အားဖြင့် သူသည် တယောက်ပြီးတယောက် သတ်ရန်သေချာသည်၊ အခြားသူများကိုပါ သတ်လာသည်နှင့် အကယ်၍သူက လွတ်မြောက်နေသည်ပင်လျှင် မြောက်များစွာသော ရန်သူများ သူ့မှာရှိနေပေလိမ့်မည်၊ ထို့ကြောင့်သူက အဟိံသက အား ချက်ချင်းလာရန် ဆင့်ခေါ်လေသည်။



အဟိံသက သည် မတ်တပ်ရပ်ပြီး လက်ပိုက်ကာ အာစရိယဆရာကြီးအား ဦးညွှတ် အရိုအသေပေးလိုက်သည်။

"ဆရာကြီး ကျွန်ုပ်သည် သင်၏အမှုကို ထမ်းဆောင်ရန် ဤနေရာသို့ရောက်ရှိလာပါပြီ၊ သင့်အတွက် ကျွန်ုပ်မည်သည့်အရာကို လုပ်ပေးရမည် ဆိုသည်ကို ကျွန်ုပ်အား ပြောကြားပေးပါ"



"အဟိံသကက ဆရာမအား တဘက်သို့ တွန်းဖယ်လိုက်ပုံ"

ဆရာကြီးမှာ မျက်မှောင်ကုတ်ပြီး ပြောလိုက်သည်။

"သား – သင်၏ပညာရေးသည် ယခုအချိန်တွင် ပြီးဆုံးပြီ၊ ကျွန်ုပ်မှာ သင့်ကို သင်ကြားရန် မတတ်စွမ်းနိုင်တော့ပြီ၊ သို့ရာတွင် သင်၏ပညာရေးဆုံးခန်းတိုင်ချိန်မှာ ကျွန်ုပ်အပေါ် မည်သည့်အတွက်ကြောင့် သစ္စာဖေါက်ရလေသနည်း၊ မည်သည့်အတွက်ကြောင့် ကျွန်ုပ်မရှိသည့်အခိုက် သင်သည် ဆရာမကြီးအား အနှောင့်အယှက်ပေးရသနည်း၊ သင်၏ ဤကဲ့သို့ပြုလုပ်မှုသည် ခွင့်မလွှတ်နိုင်သော အရာဖြစ်သည်၊ ထို့ကြောင့်လည်း ထိုကဲ့သို့ပြုလုပ်သည့် အတွက်နောင်တရသည့်အနေဖြင့် သင်ကိုယ်တိုင် အသင့်ပြင်ဆင်လုပ်ပေတော့၊ သွားစမ်းပါ၊ ငါ့ထံသို့ပြန်မလာမီ လူပေါင်းတထောင်ကို သတ်လာခဲ့လေ"

Generated by CamScanner from intsig.com

"ဆရာကြီး သင်ဘာကိုများပြောနေပါသနည်း၊ ကျွန်ုပ်သည် ရာဇဝတ်မှု တခုတလေကိုမျှ မကျူးလွန်သူပါ။ ဤကဲ့သို့ပြုလုပ်စေခြင်းသည် ဆရာမကြီးအနေဖြင့် ကြံစည်ဖန်တီးပြီး မကောင်းမှုကို ပူးပေါင်းလုပ်ခြင်းတခုဖြစ်သည်၊ ရိုသေလေးစားရပါသောဆရာကြီး။ ကျွန်ုပ်ကိုသာ အကောင်းဆုံးသတ်လိုက်ပါတော့"



"အဟိံသကသည် ထိုနေရာမှ ထွက်ပြီး သွားသည့်ပုံ"

အာစရိယဆရာကြီးမှာ ယင်းအချိန်၌ တင်းမာခက်ထန်လာကာ ဆက်ပြီး ပြောလိုက်သည်။

"ယခုသင့်ခေါင်းထဲမှာ မှတ်ထားပါ၊ သင်သည် လူပေါင်းတထောင်ကို မသတ်ခဲ့လျှင် ပညာအရာ၌ ကျွမ်းကျင်တတ်မြောက်သော သင်၏လေ့လာဆည်းပူးထားသည့် ပညာများမှာ အချည်းအနှီးဖြစ်သွားလိမ့်မည်၊ ထို့ကြောင့် ချက်ချင်း ကျွန်ုပ်၏အမိန့်ကို လိုက်နာရမည်"

အဟိံသက ပြန်ပြောလိုက်သည်၊

"ရိုသေလေးစားထိုက်သော ဆရာကြီး၊ သင်၏ အမိန့်ကို လိုက်နာပါမည်"

ယင်းအပြင် ဆရာကြီးအား လှည့်ပါတ်ဂါရဝပြုပြီး ဆရာကြီး၏ ခြေထောက်အစုံကိုထိ၍ အရိုအသေပေးလေသည်၊ ဤကဲ့သို့ အရိုအသေပြုခြင်းမှာ သူ၏စင်ကြည်သော နှလုံးသားမှ ဖြစ်ပေါ်လာသည့် ဖြူစင်သောဆန္ဒဖြင့် ပြုလုပ်ခြင်းဖြစ်သည်၊ ၎င်းနောက် သူသည် တောထဲသို့ ထွက်ခွါရန်အတွက် လက်နက်ငါးမျိုး ယူဆောင်ထွက်သွားသည်။





"ဘဒ္ဒရီ သင့်အား ယခုလိုအခုလို ဘယ်သူက လုပ်သွားသနည်းဟု ဆရာကမေးနေပုံ"

လမ်းပေါ်တွင် မမျှော်လင့်ဘဲ ကျောင်းနေဘက်သူငယ်ချင်းများကို တွေ့မြင်ရသော်လည်း တချို့သောလူငယ်များက သူ့ကိုလှောင်ပြောင်သရော်ကြသည်၊ သူတို့သည် သူ့အပေါ်မှာ လိမ်ညာလှည့်စားမှု အထမြောက်ရန် ကြိုးစားခဲ့ကြသော ကောက်ကျစ် ယုတ်မာသူများဖြစ်ကြသည်၊ အဟိံသကမှာ သူတို့၏ပူးပေါင်းကြံစည်မှုကို သတိပြုမိသည့်နည်းတူ စကားတခွန်းတပါဒမျှ မပြောချေ။

သူသည်အသစ်အဆန်းသော လုပ်ငန်းတခုကို စမ်းသပ်လုပ်ကိုင်ရန်အတွက် ရှေသို့သာလှုပ်ရှားသွားနေရာ ဘယ်တော့မှ နောက်ကြောင်း ပြန်လှည့်ကြည့်မည့်သူလည်းမဟုတ်ချေ၊ ကောသလမင်းကြီး ပိုင်နက်နယ်မြေဖြစ်သော ဇာလိနီတောထဲ၏ နယ်စပ်လမ်းတလျှောက် အဟိံသကမှာ သွားလာလှုပ်ရှားလေသည်၊ ထိုနေရာ၌ သူ၏စိတ်လှုပ်ရှား ခံစားနေရကြောင်း မျက်နှာမှာ ပေါ်နေသည်၊ သူ၏ကြင်နာတတ်သော စိတ်သည် အကြမ်းဖက်ကျူးလွန်ရန်အတွက် ယခုထိတိုင်အောင် ပြင်ဆင်မှုမရှိဘဲ ဖြစ်နေရလေသည်၊ သို့ရာတွင် ဆရာကြီး၏ အမိန့်ညွှန်ကြားချက်ကို သတိရလေသောအခါမှ သူသည် တောတွင်းသို့ တဟုန်ထိုး ပြေးဝင်သွားသည်။

တောထဲမှာ သူလှုပ်ရှားသွားနေသကဲ့သို့ ကောင်းကင်မှာ တလိုင်းငှက် များက ပျံနေယင်း စိုးစိုးစီစီ မြည်သံအစပြုပြီး ရှိနေကြသည်၊ သူတို့မမြင်ဖူး မတွေ့ဖူးသော သူစိမ်းများက သူတို့နယ်မြေအတွင်းသို့ ရောက်ရှိလာသည့် အပေါ်တွင် သူတို့၏သဘာဝအတိုင်း ဆူဆူညံညံ ငှက်မြည်သံပြုလုပ်နေကြ ခြင်းဖြစ်သည်။

ခဏအချိန်အတောအတွင်းမှာပင် သစ်ရွက်များလှုပ်ရှားလာပြီး ကြားနိုင်လောက်သော တီးတိုးပြောသံများကို ပြောနေသကဲ့သို့ တလိုင်းငှက်များ၏မြည်သံများ ပြောင်းလဲသွားကြသည်၊ တောရိုင်းတိရစ္ဆာန်များမှာ သူတို့အရပ်၌ သူတို့၏မျိုးရိုးဗီဇအတိုင်း နေထိုင်သည့် ဝလေ့ပင်ဖြစ်သည်၊ တိရစ္ဆာန်တို့မှာ သူတို့၏ သဘာဝအတိုင်း အမူအယာမျိုးဖြင့် တောတွင်းသို့ လာခဲ့ကြသည်။

သစ်ပင်များပေါ်တွင်လည်း အဟိံသက ရှေ့တွင် ခုန်ကျော်ဖြတ်သန်း သွားနေကြသည့် မျောက်များနှင့်လူဝံတို့မှာ ခုန်ပေါက်ပြေးလွှားစ ပြုနေကြသည်၊ ဥဒေါင်းငှက် များသည် သူတို့၏လှပသော ရောင်စုံအတောင်များကို ဖြန့်လျက် ကနေကြသည်၊ အမျိုးမျိုးသော ငှက်များတို့သည် တွန်မြည်သံတို့ဖြင့် တောအုပ် တခုလုံး လွှမ်းမိုးနေကြရာ အခမ်းအနားတခုကို ကျင်းပနေသကဲ့သို့ ညွှန်ပြနေ သလိုဖြစ်နေသည်။

သို့ရာတွင် ဤသည်မှာ အဘယ်ကြောင့်နည်း၊ တိရစ္ဆာန်များသည် အဟိံသက ရောက်ရှိလာခြင်းအပေါ်ဝယ် နှစ်သက်ကြည်ဖြူနေကြသည်။

အဟိံသက မှာ ယင်းရက်အနည်းငယ်အတွင်း တစုံတရာကိုမျှ စားခြင်း၊ သောက်ခြင်းမရှိပေ၊ သူသည် ကျောက်ဆောင်တဆောင်ပေါ်တွင် ထိုင်ပြီး တိရစ္ဆာန်များ ဆော့ကစားနေကြသည်ကို လေ့လာနေပေသည်။

ဝက်ဝံတအုပ်မှာ သူ့ရှေ့သို့ရောက်ရှိလာပြီး မြေကြီးကိုတူးဆွရာ ဖုံမှုန့် များသဲမှုန့်များ လွင့်ပျံလာကြသည်၊ ထို့နောက် သူတို့သည် မြေကြီးကို ကုတ် ခြစ်ပြီး ရှေ့ကို သွားယင်း လှုပ်ရှားနေကြသည်၊ ရှဉ့်များလည်း အဟိံသက ကို ဝိုင်းပတ်ကစား နေကြသည်၊ ဥဩငှက်နှင့် ရစ်ကုလားအုပ်များကလည်း အဟိံသက အား သူတို့၏ သီချင်းသံမျိုးနှင့် ကြိုဆိုပျော်မြူးနေကြသည်။


နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ အရိပ်ရသော အပင် ငယ်၏ အောက်တွင် အနားယူနေသော ခြသေ့်စုံတွဲကို မြင်တွေ့ရသည်၊ ထို့အပြင်



သူတို့အချင်းချင်း ရှင်လန်းမြူးတူး ပျော်ပါးနေကြသည့် အမည်းစက်နှင့် ကျားသစ်မများ၊ ကျားသစ်စုံတွဲ၊ ကျားသစ်ကြုတ်စုံတွဲများ တွေ့ရသည်။

အတန်ငယ်ဝေးသော တနေရာတွင် ကြက်တူရွေးများက အတောင် တဖျတ်ဖျတ်ခတ်ယင်း မာလာကသီးပင်ပေါ်တွင် ချိုမြိန်သော မာလာကသီး များကို စားသောက်နေကြသည်၊ ၄င်းအပြင် အဟိံသက၏ ပေါင်ခွင်ကြားသို့ မာလာကသီးများကို ကြွေကျအောင်လည်း ပြုလုပ်ပေးကြသည်။

သူက မာလကာသီးများကို ကောက်ယူလိုက်သည်၊ ဗိုက်ဆာနေ သည့်နှင့် သူ့စိတ်မှာ ကျေနပ်သွားသည်၊ အဟိံသက သည် မာလကာသီး များကို အသင့်အတင့် စားပြီးသောအခါ ခြေကုန်လက်ပန်း ကျသွားလွန်း၍ ကျောက်ဆောင်ပေါ်တွင် မှေးကနဲ အိပ်ပျော်သွားသည်။



"ဆရာမှ အဟိံသကအား လုပ်ကြံရန် စဉ်းစားနေသည့်ပုံ"

တောထဲတွင်ရှိသော တိရိစ္ဆာန်များသည် ဤလူသည် သူတို့အပေါ် အန္တရာယ်ပြုမည့်သူ မဟုတ်ကြောင်း နားလည်သဘောပေါက်ကြသည်၊ သူတို့သာ အလိုရှိလျှင် တိရိစ္ဆာန်များအတွက် အကာအကွယ်ပေးမည့်သူဟု ထင်မှတ်ကြသည်၊ သူအိပ်ပျော်နေသည်ကို မြင်၍လည်း သူတို့မှာ နှစ်သက်သဘောကျကြသည်၊ သူတို့သည် အဟိံသကအပေါ် ချစ်ခင်မှု၊ ကြင်နာမှုများရှိလာကြသည်၊ ထို့အပြင် အဟိံသကမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာ သူ့အဖို့ ကမ္ဘာကြီးအတွင်း မည်သည့်စိုးရိမ်ပူပန်စရာမခုမျှ မရှိသကဲ့သို့ အိပ်ပျော်နေပေသည်။

နောက်တနေ့ မိုးသောက်ချိန် တလိုင်းငှက်များ စိုးစီစိုးစီဖြင့် အစပြုပြီး တွန်မြည်လာကြရာ အဟိံသကမှာ အိပ်ရာမှနိုးလာရတော့သည်၊ သို့ရာတွင် ယခုအချိန်မှာ သူတို့၏မြည်သံမှာ အနည်းငယ်မျှ ကျယ်လောင်နေသည်၊ တိရိစ္ဆာန်များအတွင်း ရုတ်ရုတ်သဲသဲ အလန့်တကြား ဖြစ်သွားကြသည်။

သူတို့ထဲကအချို့မှာ သူတို့၏ အသက်ရှင် ရပ်တည်ရေးအတွက် သစ်ပင်ပေါ်သို့ တက်ပြေးကြပြီး တချို့မှာရေထဲသို့ ခုန်ဆင်းကြသည်၊ အဟိံသကသည် ကြံရာမရ ဖြစ်သွားသည်။

ရုတ်တရက် သူသည် ပုလွေမှုတ်သံကြားလိုက်သည်၊ သူသည် တောထဲသို့ မြွေအလမ္ပယ်ဆရာ ဝင်ရောက်လာကြောင်း ချက်ချင်းသိလိုက်သည်၊ ထိုမှတပါး တိရိစ္ဆာန်များသည် သူတို့အသက်ဘေးမှ လွတ်မြောက်ရန်အတွက် ပြေးကြခြင်းဖြစ်သည်၊ အဟိံသကသည် ပုလွေသံကြားရာသို့ နောက်ယောင်ခံလိုက်လာရာ မြွေအလမ္ပယ် ဆရာထံပါးသို့ ရောက်ရှိလာခဲ့သည်၊ သူတို့အထဲမှ တယောက်က မြွေရှိရာတွင်းရှေ့တွင် ထိုင်လိုက်ပြီး မြွေကို ဖမ်းရန်အတွက် ပုလွေမှုတ်လေတော့သည်။

အဟိံသကသည် ချက်ချင်းပင် သူ၏ရဲတင်းဖြင့် သူ့ကိုတိုက်ခိုက်လိုက်သည်နှင့် ငှင်းလူမှာ ခေါင်းပြတ်သေရလေတော့သည်၊ သူ့ပလွေသံသည်ကား တိတ်ဆိတ်သွားရ ပေတော့သည်၊ တိရိစ္ဆာန်များမှာ အလွန်ကျေနပ်သွားကြသည်၊ တောအုပ်တခုလုံး အခမ်းအနား ကျင်းပကြသဖွယ် ဖြစ်လာသည်၊ အဟိံသကမှာလည်း သူတို့နှင့်အတူ ပျော်ရွှင်ရလေသည်၊ တိရိစ္ဆာန်များမှာ သူတို့၏ရန်သူ သေဆုံးသွားသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ခုန်ပေါက်ပျော်ရွှင်ကြသည်၊ အဟိံသကမှာ ပြန်၍တဖန် ဗိုက်ဆာလောင်လာသည်။





"ဟေ့ ထွက်သွား၊ မင်း သည်ကိုပြန်မလာခင် လူပေါင်း (၁၀၀၀) ကို သတ်ခဲ့တော့ ဆရာက စိတ်ဆိုးကာ အဟိံသကအား မန်နေပုံ"

ဆာလောင်မွတ်သိပ်နေမှုကို အာသာပြေပျောက်စေရန် ငှက်ပျောခိုင်တခိုင်ကို ခူးဆွပ်ယူပြီး စားလိုက်လေသည်။

တကြိမ်တွင် အဟိံသကသည် မြစ်ထဲတွင် ရေချိုးနေရာ ချောင်းမြောင်းတိုက်ခိုက်ရန် စောင့်ဆိုင်းနေသော အရောင်အဆင်းမျိုးစုံတို့ဖြင့် အဝတ်အစားများ ဝတ်ဆင်ထားသည့်သူများကို မြင်လေသည်။

သူတို့သည်တောထဲမှ တိရိစ္ဆာန်များကို ဖမ်းဆီးရန်လာခဲ့သော မုဆိုးလုဆည့်ဆရာများ ဖြစ်ကြသည်၊ တိရိစ္ဆာန်များ၏ မိတ်ဆွေ အဟိံသကမှာ သူတို့၏ အကျင့်စာရိတ္တကို သိရှိထားရာ သူသည် မခံမရပ်နိုင် ပြုမူရတော့သည်။

သူတို့သည် ချက်ချင်းသူကိုတိုက်ခိုက်လိုက်သည်၊ စက္ကန့်ပိုင်း အနည်းငယ်အတွင်း သူတို့အားလုံးကို သတ်ပစ်လိုက်သည်။

ဤနည်းအားဖြင့် အဟိံသကသည် မြောက်မြားစွာသော လူအများကို သတ်ဖြတ်ခဲ့ပြီး သူ၏လူသတ်မှုမှာ အဆုံးအစမရှိ သဘောဖြစ်နေသည်၊ လူအမြောက်များကို သတ်နေခြင်းသည် လူတစု (သို့မဟုတ်) လူတဦးတယောက်ကိုသော်ငှင်း သူ့အတွက် လွယ်ကူသော လုပ်ငန်းတခု ဖြစ်လာလေသည်။

Generated by CamScanner from intsig.com

အဟိံသကာ၏အကြမ်းဖက်လူသတ်မှုများ တိုးပွားလာသောအခါ အကန့်အသတ်မရှိဘဲ သတင်းပျံ့လွင့်ထွက်လာသည်၊ အနီးအနားမှ ကျေးရွာများနှင့် မြို့များမှလူများ သိရှိလာသကဲ့သို့ ဇါလိနီတောထဲသို့ သွားရောက်လျှင် အသက်အန္တရာယ်လုံခြုံမှုမရှိကြောင်း သိရှိလာကြသည်။

ဇါလိနီတောအုပ်သည် သေဆုံးရာအိမ် (သို့မဟုတ်) လူသေအိမ်ဟု ခေါ်ဆိုသမုတ်ကြ၍ လူသိများလာခဲ့ပေသည်၊ ယခု သူတို့ခရီးသွားလျှင် လူစုလူဝေးများနှင့်သာ သွားကြသည်။

မည်သို့ပင်ဖြစ်စေ ကြီးမားသောလူအုပ်ဖြစ်သည့်တိုင်အောင် အဟိံသကမြင်လိုက်ပြီဆိုလျှင် သူတို့၏ အသက်ဘေးမှ လွတ်မြောက်နိုင်မည်လားဆိုသည့် မေးခွန်းမေးစရာ မလိုတော့ချေ။

သူသည် လူအားလုံးကို သတ်ဖြတ်လိမ့်ပေမည်၊ အားလုံးကိုခြုံ၍ ကြည့်လိုက်လျှင် သူသည် ဆင်ပြောင်စီးခုနစ်ကောင် ခွန်အားရှိသောသူဖြစ်သည်။

အကယ်၍ သစ်ခုတ်သမားများသည် သစ်ခုတ်ရန်တောထဲသို့ ဝင်လာခဲ့သည်ဟုဆိုလျှင်ပင် သူတို့သည် အုပ်စုဖြင့်သာ ဝင်လာကြရသည်၊ သို့သော်လည်း အဟိံသကမှာ သူတို့ကိုလည်း သက်ဖြတ်တော့သည်။

ထိုကဲ့သို့ သတ်ဖြတ်နေရခြင်းမှာ သူ့ဆရာ၏ အမိန့်ညွှန်ကြားချက်အရဖြစ်သည်၊ သို့ရာတွင် သူတို့ပိုင်သော ဥစ္စာပစ္စည်းများကို ဘယ်တော့မှ ယူဆောင်ခြင်း၊ ထိတွေ့ခြင်း တောင်မရှိချေ။

သူသတ်ခဲ့သည့်သူများကို ရေတွက်ကြည့်သည်။ သူသတ်ရမည်မှာ လူပေါင်း တထောင်ဖြစ်သည်။ တဖြည်းဖြည်းနှင့် သူသည် လိုအပ်သည့် အရေအတွက်မျှ လူများကို သတ်ဖြတ်ခဲ့သည်။ ထိုနောက် အာစရိယဆရာကြီးထံ ပြန်လာခဲ့သည်။

"ဆရာကြီး အာစရိယ–ကျွန်ုပ်သည် သင်၏အမိန့်အား လိုက်နာပြီးပြီ။ သင်၏ အမိန့်နှင့်ပတ်သက်၍ လူပေါင်းတထောင်ကို သတ်ခဲ့ပြီ။ ယခု ကျေးဇူးပြုပြီး ကျွန်ုပ်အား ခွင့်လွှတ်ပါတော့။ ကျွန်ုပ်အား ကောင်းချီးပေးပါ"

အာစရိယဆရာကြီးက မေးသည်။

"အဟိံသက–သင်ပြောသည်ကို ငါ့မှာ ယုံကြည်မှုမရှိချေ။ အကယ်၍ အမှန်တကယ် သင်လူပေါင်းတထောင် သတ်ခဲ့လျှင် ယင်းအတွက် သက်သေပြရလိမ့်မည်"





"သူ့ဆရာမှာကြားလိုက်သည်များကို ဆောင်ရွက်ရန် အဟိံသက ထွက်သွားနေပုံ"

"အကယ်၍သင်က သက်သေမပြနိုင်လျှင် သင်သည် နောက်ထပ်လူပေါင်း တထောင်ကိုသတ်ရန် ပြန်သွားရလိမ့်မည်။ သွားစမ်းပါ။ ဤအချိန်တွင် သင်သတ်၍ သေဆုံးသွား ရသောသူများဆီမှ လက်ညှိုးကို ယူဆောင်ပြီး ပြန်လာခဲ့ပါ"

သနားစရာကောင်းသော အဟိံသကမှာ သူ့ကိုသက်သေပြစရာ ဘာမျှမပြနိုင် ဖြစ်နေသည်။ ထို့ကြောင့် တောအုပ်သို့ပြန်သွားပြီး တဖန်လူများကို သတ်ဖြတ်ရန် စတင်လေတော့သည်။ ယခုသူ၏ လူသတ်မှုနှုန်းသည် ယခင်ကထက် အချိန်အဟုန် မြန်ဆန်လေသည်။

သူ့မှာ ဦးတည်ချက်အသစ်တခု ရရှိထားပြီးဖြစ်သည်။ ယခုအခါ လူတယောက်ကို သတ်ဖြတ်ပြီးသည့်အခါ သူ၏လက်ချောင်းများကို ဖြတ်လေသည်။ ကျောက်ဆောင်တခုပေါ်၌ ယင်းလက်ချောင်းများကို တင်ထားသည်။ ရက်အနည်းငယ် ကြာသောအခါ လက်ချောင်းများကို ရေတွက်ရန် စိတ်ကူးလေသည်။

သို့ရာတွင် ကျောက်ဆောင်ပေါ်၌ လက်ချောင်းတချောင်းမျှ မရှိတော့ချေ။ တောရိုင်းတိရစ္ဆာန်များမှာ ယင်းလက်ချောင်းများကို တပ်မွတ်စွာ စားသောက်လိုက်ခြင်း ဖြစ်ပွယ်ရာရှိသည်။

Generated by CamScanner from intsig.com

အဟိံသက စဉ်းစားသည်မှာ ဤအခြေအနေတွင် လက်ချောင်းများကို စုစည်းထားနိုင်ရန် သူ၏လူသတ်နေခြင်းမှာ ဆုံးခန်းတိုင်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် သူသည် လက်ချောင်းများကို ဂူခေါင်းတခုရှိ မြေကြီးအောက်ထဲတွင် မြှုတ်နှံသိမ်းဆည်းရန် အစပြု စဉ်းစားလိုက်လေသည်။

"ဤသည်မှာ အတွက်အချက်မှားယွင်းမှု၊ မဖြစ်နိုင်တော့ဟု နားလည်သဘောပေါက်သည်၊ လက်ချောင်းများကို လုံခြုံစွာထားနိုင်ခဲ့သောကြောင့် ငါသည် မှန်ကန်စွာ ရေတွက်နိုင်လိမ့်မည်"



"လက်နက် ငါးမျိုး ကိုကိုင်စွဲကာ တောထဲသို့ ထွက်သွားသည့် အဟိံသကအား သူ၏ကျောင်းနေဘက်များက ကျီစယ်နေပုံ"

ဤသို့အားဖြင့် သူသည် ဆက်လက်ပြီး လူများကို သတ်နေပေသည်။ တနေ့သ၌ ခွေးတကောင်သည် လက်ချောင်းတချောင်းကိုကိုက်လျက် ဂူထဲမှအပြင်ဘက်သို့ ပြေးထွက်လာသည်ကို အဟိံသက မြင်လေသည်။ သူသည် ကြက်သေသေလောက်အောင် အံ့ဩသင့်သွားသည်။

သူသည်လက်ချောင်းများ မြှုတ်ထားသောနေရာကို သွားရောက်ပြီး ချက်ချင်း စစ်ဆေးလေသည်။ တောရိုင်းတိရိစ္ဆာန်များသည် လူသားအနံ့ရ၍ မြေကြီးကိုတူးဆွကာ လက်ချောင်းများကို တော်မွတ်စွာ စားလိုက်ကြပြီဖြစ်သည်။ အဟိံသက မှာ ထိုကဲ့သို့ တွေ့ရှိသွားသည်ကို ထိတ်လန့်သွားသည်။



တောထဲမှတိရိစ္ဆာန်များမှာ သူနှင့်စပ်လျဉ်း၍ သဘောကျ ကျေနပ်ကြပြီး သူတို့သွားလေရာ လမ်းတလျှောက်တွင်လည်း သူ၏စောင့်ရှောက်ပေးမှုများကို ရရှိနေလေသည်။

အဟိံသက သည် လိုအပ်နေသော လက်ချောင်းများကို ပြည့်စုံစွာ ရရှိစေရန် သတ်ဖြတ်ပြီး သူ့ဆရာထံတွင် ပြန်လည်အမှုထမ်းရန် ဖြစ်နိုင်သမျှအားထုတ်ကြိုးစားတော့သည်။

သူ့မှာ နောက်ထပ် အစီအစဉ်တခုကို တွေ့ရှိထားသည်။

သနားစရာကောင်းသော အဟိံသကမှာ ယခုစိတ်လှုပ်ရှားစွာဖြင့် လက်ချောင်းများကို ပုတီးလိုကြိုးသီပြီး လည်ဆွဲကြိုးလို ဆွဲထားလေသည်။ (ဤကဲ့သို့ လည်ပင်းတွင် ပုတီးလိုဆွဲထားသောကြောင့် အင်္ဂုလိမာလဟု လူသိများလေသည်။ အင်္ဂုလိမာလ ဆိုသည်မှာ လည်ပင်းတွင်ဆွဲထားသူကို ခေါ်သည်။)



"အဟိံသကသည် တောထဲသို့ရောက်လာသည့်အခါ တောတွင်းရှိ ကျေးငှက်သတ္တဝါများ ပျော်မြူးသွားသည့်ပုံ"

သူကလူအများကို အလွန်အကြမ်းဖက်သတ်ဖြတ်နေရာ လူအများက တောအုပ်သို့ သွားရောက်ကြခြင်းကို ရပ်ဆိုင်းထားကြသည်။ ထိုလမ်းသို့ဖြတ်

Generated by CamScanner from intsig.com

ကျော်ပြီး မည်သူမျှ ယခုအချိန်တွင် မသွားရောက်ကြ၍ သူသည် သတ်ဖြတ်ရန် လူများကို ရှာဖွေရလေတော့သည်။

အင်္ဂုလိမာလသည် သူ့ဆရာ၏အမိန့်ကို သတိရလာသောအခါ တောအုပ်အပြင် ဖက်သို့ထွက်လာပြီး အနီးအနားရှိ ကျေးရွာများမှလူများကို တိုက်ခိုက်သတ်ဖြတ် တော့သည်။

သူသည် ညအချိန်တွင် ရုတ်တရက်တိုက်ခိုက်ရန် အိမ်များကို ချိုးဖေါက်ကာ လူအများကို သတ်လေသည်။ ပြီးနောက် လက်ချောင်းများကို ဖြတ်ယူသည်။ ထို့ကြောင့် လူအများသည် သူတို့နေထိုင်ရာ (၃) ယူဇနာမျှ ဝေးကွာသော သာဝတ္ထိ (Siawasti) ပတ်ဝန်း ကျင်၌ လုံခြုံရးကို အကြောင်းပြကာ စခန်းချပြီး နေထိုင်ကြရသည်။

သူတို့အနေဖြင့် မည်သို့ပင်ဖြစ်စေ ရက်စက်ယုတ်မာသော အင်္ဂုလိမာလအား အံ့သြ မှုဖြစ်စေသည့်အကြောင်းတခုမှာ ငွေများသို့မဟုတ် မိန်းမတဦးတယောက်ကိုမျှ မတော် မတရားပြုကျင့်ခြင်း ထိပါးခြင်း မပြုလုပ်ဘဲရှိနေသည်ကိုပင် အံ့သြနေကြရသည်။



"အဟိံသကသည် အလံပွယ် မြွေဆရာအား တိုက်ခိုက်ရန် ပြုနေသည့်ပုံ"



အင်္ဂုလိမာလ၏ ဆိုးသွမ်းယုတ်မာမှုကြောင့် ပရိဒေ'ဝမီးတောက်လောင်နေသော လူများမှာ ဘုရင်ပရာဆမ် တရားရုံးသို့ တိုင်တန်းကြလေသည်။

"ကျွန်ုပ်တို့မှာ အင်္ဂုလိမာလ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အကြီးအကျယ် ပရိဒေ'ဝမီး တောက်လောင်နေကြရပါသည်၊ ကျွန်ုပ်တို့သည် အိမ်များမှ သူ၏ဆိုးရွားစွာ တိုက်ခိုက်မှု ကြောင့် ထွက်ပြေးခဲ့ရပါသည်၊ သင်အရှင်မင်းမြတ်၊ ကျေးဇူးပြုပြီး တစုံတရာ ပါဝင်ပတ်သက် ပေးလိုပါသည်၊ သင့်အတွက် ရဲများ၊ စစ်တပ်များရှိပါသည်၊ အင်္ဂုလိမာလ၏ အကြမ်းဖက် သတ်ဖြတ်မှုမှ လွတ်မြောက်နိုင်ရန် သင်၏စစ်သည်တော်များက ဖိအားပေးစေလိုပါသည်"

ဘုရင်သည် အိမ်မပျော်ဘဲ ညတာကို ကျော်လွန်သွားလေသည်။

"အင်္ဂုလိမာလ၏ ရဲစွမ်းသတ္တိရှိစွာ လူသတ်ဆိုးရွားနေမှုများအတွက် သူ့တွင် တာဝန်ပါတ်သက်မှု ရှိပေသည်။ အခွင့်အခါကြုံလာသည့် အချိန်တွင် အင်္ဂုလိမာလကို ဖမ်းဆီးရန် သူ၏စစ်သားများကို စေလွှတ်ခဲ့သည်။ သို့ရာတွင် ဘာမျှ အလုပ်မဖြစ်ခဲ့။ သူ့ကိုဖမ်းဆီး၍ မရခဲ့ချေ"

ထိုရက်များ၌ ဂရုဏာသက်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားသခင်သည် သာဝတ္ထိ ပြည်၌ အနာတပိဏ်က၏ ဇေတဝန်နာရမ်၌ သီတင်းသုံးနေတော်မူသည်။ မြောက်မြားစွာသော လူအပေါင်းတို့သည် သူတို့၏ ဝမ်းနည်းပူဆွေးမှု အကြောင်းအရာများကို ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် အင်္ဂုလိမာလ၏ အတင့်ရဲစွာ အကြမ်းဖက်လှုပ်ရှားနေမှုများကို သတိထား အလေးဂရုပြုလေသည်။

ဘုရင့်ပသေနဒီကောသလမင်းကြီး၏ အင်္ဂုလိမာလအား ဖမ်းဆီးရေးမှာလည်း မအောင်မြင်မှုများရှိနေမှုကိုပါ သတိပြုလာလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် တရားဓမ္မများကိုလိုက်နာသော လူတယောက်ဖြစ်စေရန် ဆိုးသွမ်းရက်စက် ယုတ်မာသည့် တောပုန်းလူသတ်သမားအား ပြန်လည်ပြုပြင်ပြောင်းလဲစေရေးအတွက် သန္နိဋ္ဌာန် ဆုံးဖြတ်ချက် ချလိုက်သည်။

Generated by CamScanner from intsig.com



"အပဒိ' သဃကာ ချက်ချင်းတိုက်ခိုက်သတ်ဖြတ်လိုက်သည့်ပုံ"

တနေ့သ၌ ဗုဒ္ဓရှင်တော်မြတ် ဆွမ်းဘုန်းပေးပြီးနောက် သပိတ်နှင့် သင်္ကန်းကိုယူ၍ အင်္ဂုလိမာလကို တွေ့ဆုံရန် တောထဲသို့ကြွလာခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်သည် တောထဲသို့ သွားနေသည်ကို အနီးအနားမှ ကျေးရွာများက လူအများ မြင်ကြလေသည်။ ဗုဒ္ဓမြတ်စွာဘုရား ကြွရောက်လာခြင်းအားဖြင့် သူတို့၏ စိတ်မှာပြုစား ခံလိုက်လေပြီ။ ဗုဒ္ဓ၏ကိုယ်မှ ရွှေရောင်အဆင်းရှိသော ရောင်ခြည်တော်များ ကွန့်မြူးလွှတ်တော့သည်။ ဗုဒ္ဓ၏ရောင်ခြည်တော်သည် သူတို့အားဆွဲဆောင်မှု ဖြစ်စေတော့သည်။ သူတို့သည် ဤကဲ့သို့ မတိုင်ခင် တချိန်ချိန်က မည်သည့်လူတယောက်ကမျှ ဆွဲဆောင်မှုရှိအောင် ဤကဲ့သို့ပြုလုပ်ခဲ့ခြင်းကို မမြင်တွေ့ ခဲ့ကြပေ။

ကျေးရွာသားများသည် ဗုဒ္ဓအား သနားကြင်နာမှု သက်ရောက်ကြပေသည်။ သူတို့စဉ်းစားကြသည်မှာ ဤကဲ့သို့တင့်တယ်လှပသော လူတယောက်က တောပုန်းလူသတ်သမား၏ လက်တွင်အသေခံရန် သူ့ကိုယ်တိုင် ခွင့်ပြုလိုက်ခြင်းမှာ အဘယ့်ကြောင့်နည်း ဆိုသည့်အရာဖြစ်သည်။

သူတို့ဆုံးဖြတ်ချက်ချလိုက်ကြသည်။ သေဆုံးရာအိမ် (သို့မဟုတ်) လူသေအိမ် (သို့မဟုတ်) ဓါလိနီ တောအုပ်သို့မဝင်မီ သူ့ကိုမေးမြန်းချဉ်းကပ်ရန် ကျွန်ုပ်တို့ ပြုလုပ်ကြစို့ဟု ဆုံးဖြတ်ကြသည်။



သူတို့ဗုဒ္ဓအား ဤသို့လျှောက်ထားကြသည်။

"အို သူတော်စင်ကြီး၊ ကျေးဇူးပြုပြီး တောအုပ်ထဲသို့ မသွားပါနှင့်။ အလွန်အန္တရာယ်ရှိပြီး လူသတ်ရက်စက်သော တောပုန်းဓါးပြကြီးသည် ထိုတောအုပ်တွင် စခန်းချနေပါသည်။ အကယ်၍သူသည် သင့်ကိုဖမ်းမိခဲ့သည့်နှင့် သင့်ကိုခုတ်ထစ်သတ်ဖြတ်မည်မှာ အသေအချာ ဖြစ်သည်။ ရဲရင့်သောလူများပင်လျှင် သူ့နှင့် မျက်နှာချင်းဆိုင်ရန် ကြောက်ရွံ့ကြသည်"

ဗုဒ္ဓရှင်တော်မြတ်သည် အေးဆေးငြိမ်သက်စွာ သူတို့၏စကားကို နားထောင်တော်မူသည်။ သို့ရာတွင် သူသည် စကားတခွန်းကိုမျှ မပြောချေ။ တောအုပ်ဆီသို့ ဦးတည်လျှက် ဆက်လက်ကြွသွားလေသည်။



"အပဒိ' သဃက–နောက်ထပ်လူတထောင်သွားသတ်ရန် အမိန့်ပေးနေပုံ"

ဗုဒ္ဓရှင်တော်သည် ကိုက်အနည်းငယ်သို့ရောက်သွားသည့်အခါ တချို့သော နွားကျောင်းသားများကို တွေ့ရသည်။ သူတို့သည် ရွာ၏အပြင်ဘက်တွင်ရှိသော စားကျက်၌ ကျွဲနွားများ ကျောင်းနေကြသည်။ သူတို့သည် တောအုပ်ထဲသို့ ဦးတည်ပြီးသွားနေသော ဗုဒ္ဓကိုမြင်ရာ ထိတ်လန့်သွားကြသည်။

ဤကဲ့သို့ခန့်ငြားသော လူတယောက်အနေဖြင့် အင်္ဂုလိမာလ လက်တွင်းမှာ မိမိကိုယ်ကို သေကြောင်းကြံစည်ခွင့်ပြုပေးခြင်းကို သူတို့မျက်စေ့နှင့် မြင်ရသော်လည်း မယုံကြည်နိုင်စရာ ဖြစ်နေသည်။

Generated by CamScanner from intsig.com

နွားကျောင်းသားများက စဉ်းစားကြပြီး အင်္ဂုလိမာလသည် ဤဆွဲဆောင်မှုရှိသောလူအား ခေါင်းဖြတ်မသတ်မီ တောအုပ်ထဲသို့ မဝင်သွားရအောင် သူ့အားကျွန်ုပ်တို့ တိုက်တွန်း ဖျောင်းဖြသင့်သည်ဟု တွေးတောကြသည်။ ထို့ကြောင့် တချို့နွားကျောင်း သားများက ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ်လာကြသည်။

"အို-ဂုဏ်သရေရှိသော လူကြီးမင်း၊ ကျေးဇူးပြုပြီး တမိနစ်လောက် စဉ်းစားပေးစေချင်ပါသည်။ သင်သည် မိမိကိုယ်ကို သတ်သေရန် ဆုံးဖြတ်ချက် ချပြီလား"

"မဟုတ်လေဘူး။ ငါ၏သားများ-အားလုံးမဟုတ်သေးဘူး"

ဗုဒ္ဓဘုရားက ပြန်ပြောလိုက်သည်။

"သင်ဟာ ဘာကြောင့် လူတွေသေတဲ့နေရာ ဒါမှမဟုတ် အင်္ဂုလိမာလရဲ့ နေရပ်ကို သွားနေသနည်း"

သူတို့အထဲမှ အဆင့်မြင့်သော ပုဂ္ဂိုလ်တဦးက ပြောသည်။



"သူဖြတ်ခဲ့သမျှလက်ချောင်းများကို မြေမြှုပ်ထားနေပုံ"

နွားကျောင်းသားများသည် အခြားလယ်သမားများကိုပါ ခေါ်ခဲ့လေသည်။ သူတို့ အားလုံးသည် ဗုဒ္ဓအားကြင်နာသနားကြသည်။ သူတို့သည် အင်္ဂုလိမာလ၏ ရက်စက်ယုတ်မာကြမ်းတမ်းသည့် အကြောင်းအား ပြောပြကြပြီး တောထဲသို့မသွားရန် ဖျောင်းဖြနားချကြသည်။



သူတို့မှာ ဗုဒ္ဓအား နည်းလမ်းအမျိုးမျိုးဖြင့် သတိပေးပြောဆိုကြသည်။ ၄င်းပြင် ဗုဒ္ဓကိုကြောက်လန့်သွားရန်လည်း ကြိုးစားပြောဆိုဖြစ်ကြသည်။ သို့သော် တောအုပ်ထဲသို့ ဝင်ရောက်သွားခြင်းမှ ဗုဒ္ဓအား ဟန့်တား၍မရရှိခဲ့ကြ။ သူသည် သူ၏ပုံမှန်ခြေလှမ်းအားဖြင့် ရှေ့သို့သာလှုပ်ရှားသွားလေသည်။ မည်သူ တစုံတယောက်မျှ အင်္ဂုလိမာလသည် ဘယ်နေရာမှ ထွက်လာမည်ဆို ခြင်းကို မသိရှိကြချေ။



"သူမြေမြှုပ်ထားခဲ့သည့် လက်ချောင်းတချောင်းကို ခွေးအတအောင်
ကိုက်ဆွဲလာသည့်ပုံကို မြင်တွေ့ပုံ"

သို့ရာတွင် သူ၏မိခင်ကမူ တချို့သောနေရာ၌ တစုံတခုတော့မှားယွင်းနေပြီဟု သေချာစွာသိရှိနေဖြစ်သည်။ အခြားတခုမှာ သူမ၏သားသည် ဤကဲ့သို့ ပြုလုပ်နေခြင်းကို ကြိုက်နှစ်သက်လိမ့်မည်ဟုလည်း မထင်မှတ်ချေ။ ထို့ကြောင့်လည်း သူမကိုယ်တိုင် တပ်အပ်သေချာ သိရှိမြင်တွေ့နိုင်ရန်အတွက် တောအုပ်ထဲသို့သွားမည်ဟု သူမဖါသာသူမ ဆုံးဖြတ်ချက် ချလိုက်သည်။

သူမ၏စိတ်ကူးမှာ သူမ၏သားကိုတွေ့ပြီး ဤကဲ့သို့ပြုလုပ်မနေရန် ဖျောင်းဖြနားချ နိုင်မည်ဟုထင်သည်။ ထို့ကြောင့် သူမသည် တောင်ဇေး ထောက်လျှက် ပင်ပမ်းနွမ်းရိစွာလျှောက်ယင်း တောအုပ်ထဲသို့ဝင်ခဲ့သည်။

သူမ၏အချစ်ဆုံးသားအတွက် အချိုလေးမျိုးပေါင်းစပ်ထားသော အစားအသောက်များ သူမ၏သား ကြိုက်နှစ်သက်သော အစားအသောက်များကိုပါ ယူဆောင်လာခဲ့ခြင်းဖြစ်သည်။

Generated by CamScanner from intsig.com

ငင်းနောက် သနားစရာကောင်းသောမိခင်က သူမ၏သားကို ကောသလ ဘုရင်မင်းကြီး၏ စစ်သားများသည် တိုက်ခိုက်ရန်အတွက် လာနေကြပြီဆိုသော သတင်းကို သတိပေးပြောချင်သည်။ သူမတကိုယ်လုံး အားအင်ချည့်နဲ့နေသော်လည်း မိခင်ကရုဏာစိတ်ဖြင့် တောအုပ်ထဲသို့ လမ်းလျှောက်လာခဲ့ခြင်းဖြစ်သည်။



"သူသည် လက်ချောင်းများကို သီကုံး၍ လည်ဆွဲထားသဖြင့် သူ့ကို (အင်္ဂုလိမာလာ)ဟု လူများက ခေါ်တွင်ပုံ"

အင်္ဂုလိမာလသည် သူဖြတ်ပြီးသော လက်ချောင်းများကို ရေတွက်လျှက် ကျောက်ဆောင်ပေါ်တွင် ထိုင်နေလေသည်။ သူသည် လက်ညှိုးပေါင်း (၉၉၉) ချောင်းကို စုဆောင်းရှိထားပြီဖြစ်၍ အလွန်ပျော်နေသည်။ သူ၏ပုတီးတွင် ပြည့်စုံရန် လက်ညှိုးတချောင်းသာ လိုနေသည်။

ယင်းအချိန်တွင် သူသည်အတန်ငယ် အလှမ်းကွာဝေးသောနေရာ၌ မိခင်ကို မြင်သွားသည်။ သူမကလည်း သားထံသို့ချဉ်းကပ်လာလေသည်။

သူမသည် အသက်ကို ခပ်ပြင်းပြင်းရှုလျှက် ကတုန်ကယင်ဖြင့် ရှေ့သို့လာခဲ့သည်။ အင်္ဂုလိမာလသည် သူ့ဆီသို့ တည့်တည့်မတ်မတ် လာနေသော အဖွားအိုအားမြင်၍ အလွန်ပျော်ရွှင်သွားသည်။

သူ့တွင် လက်ညှိုးပေါင်းတထောင်အတွက် အခုချိန်မှာ အဆင်သင့်သွားပြီဖြစ်၍ ပျော်ရွှင်သွားခြင်းဖြစ်သည်။ အဖွားအိုသည် သူမ၏စိတ်ဆန္ဒ



သဘောတူညီချက်အရ သူ့ထံပါးသို့ ချဉ်းကပ်ရောက်ရှိလာခြင်းဖြစ်သည်။ သူမမှာ အကောင်းဆုံးသော ပစ်မှတ်တခုအဖြစ် သက်သေပြစရာတခု ဖြစ်နေသည်။

အင်္ဂုလိမာလသည် သူမိခင်အား သတ်ရန်အတွက် စဉ်းစားနေဆဲအချိန် ဗုဒ္ဓမြတ်စွာဘုရားကို သူမြင်သွားသည်။

သူသည်ကြောက်ရွံ့ခြင်းမရှိဘဲ သူ့ထံပါးသို့ ချဉ်းကပ်လာသော ဗုဒ္ဓကို မြင်သောအခါ အလွန်တရာ အံ့သြသွားသည်။

"အဘယ်ကြောင့်နည်း၊ ဤလူသည် ဂရုလည်းတစက်မှမစိုက်၊ ကြောက်ရွံ့ခြင်းလည်းမရှိဘဲ ငါရှိရာသို့လာနေသည်။ ငါ့နာမည်ကို တမင်သက်သက် ဖေါ်ပြပြောဆိုရုံနှင့် လူတွေသေဆုံး ကြရသည်။ သို့ပေမင့် ဤလူသည်ကား စိုးရွံ့ကြောက်လန့်ခြင်းမရှိဘဲ ငါ့ထံသို့လမ်းလျှောက်လာနေသည်"



"ပသေနဒီကောသလမင်းကြီးက အင်္ဂုလိမာလာကို ဖမ်းဆီးနိုင်ရန် ဇလာနီတောထဲသို့ ထွက်လာပုံ"

ငင်းနောက်သူ၏မိခင်ကို သတ်မည့်အကြံအစည်ကို လက်လျှော့လိုက်ပြီးနောက် ဗုဒ္ဓတပါးတည်း သူ့ထံသို့လာနေသည်ကို အံ့ကြနေသည်။ လူပေါင်း ၄၀၊ ၅၀ ခန့်ရှိသော လူအုပ်စုတို့သည် သူ့မျက်နှာကို ရဲဝန့်စွာရင်မဆိုင်ရဲသည့် ယင်းအချိန်၌ပင် ဘာတခုမျှ လက်နက်မကိုင်ဆောင်ဘဲ သူအနားသို့ ဗုဒ္ဓမြတ်စွာဘုရား ချဉ်းကပ်လာနေသည်။ ပြီးတော့ သူသည်ချက်ချင်း ဗုဒ္ဓထံပါးသို့ တဟုန်ထိုး ပြေးလိုက်သွားလေသည်။

Generated by CamScanner from intsig.com

ဗုဒ္ဓမြတ်စွာဘုရားမှာ သူ၏ထုံးစံအတိုင်း သွားနေကျခြေလှမ်းမျိုးဖြင့် သွားနေသည်။ သို့ရာတွင် သူသည် အမြန်ဆုံးပြေးပြီး လိုက်သည်ပင်လျှင် ဗုဒ္ဓအား သူ့မှာလိုက်လံ ဖမ်းဆီး၍မရချေ။ ထိုဟာသည် အင်္ဂုလိမာလအတွက် လုံးဝအတွေ့အကြုံသစ်တခု ဖြစ်လေသည်။ သူစဉ်းစားမိသည်။

"ဤဟာသည် အထူးအဆန်းဖြစ်ပြီး အလွန်တရာအံ့အားသင့်စရာ ဖြစ်သည်။ ငါ၏ဘဝ တလျှောက်လုံးမှာ မည်သည့်အခါမျှ တချက်တလေ မစဉ်းစားခဲ့မိချေ။ ငါ၏ အမြန်ဆုံးနည်းနှင့်ပြေး၍ လိုက်ဖမ်းလျှင် ဆင်ပြောင်ကြီး ကိုတောင်မှ ပုံမှန် ဖမ်းမိရစမြဲဖြစ်သည်။ မြင်း၊ ယုန်၊ သမင် စသည်တို့ကိုလည်း ငါအမြဲဖမ်းနိုင်ခဲ့သည်။ ယခုမူ ငါအမြန်ဆုံးပြေး၍ လိုက်ဖမ်းသည်တောင်မှ ဤသူတောင်းစားအား ငါမဖမ်းနိုင်တော့"

အင်္ဂုလိမာလမှာ မောပမ်း၍ ရပ်တန့်လိုက်သည်။ ပြီးတော့ သူအော်၍ ပြောသည်။

"ရပ်လော့၊ သူတောင်းစား၊ အို သူတောင်းစား"

ဗုဒ္ဓမြတ်စွာဘုရားသည် အင်္ဂုလိမာလ အနားသို့ချဉ်းကပ်ပြီး ကရုဏာ သက်စွာနှင့် သူ့ကိုစကားပြောလိုက်သည်။

"အင်္ဂုလိမာလ – ကျွန်ုပ်မှာ ရပ်လျှက်နေသည်—"

တခါထပ်၍ ဆက်ပြောပြန်သည်။



"အင်္ဂုလိမာလာအား ဆုံးမသွန်သင်ရန် အရှင်ဗုဒ္ဓ ဇလာနီတောထဲသို့ ကြွလာခဲ့သည့်ပုံ"



"ယခုသင်သည်လည်းဘဲ မကောင်းမှုဒုစရိုက်ကို ကျူးလွန်၍နေသည်။ ယနေ့သင်သည် မှန်ကန်သောသစ္စာတရား လမ်းကြောင်းသို့ လိုက်နာသူဖြစ်စေရန်အလို့ငှါ ငါသည် ဤနေရာသို့လာခဲ့သည်။ သင်ပြုခဲ့သော ကောင်းမှုကုသိုလ်တို့မှာ ကုန်ခမ်းပျက်စီး သွားဆဲကာလဖြစ်သွားပြီ။ သို့ရာတွင် တကြိမ်မျှသင်က ခွင့်ပြုလိုက်လျှင် ထိုအရာတို့သည် သင့်အပေါ် ဖြစ်ပျက်နေသော မကောင်းမှု အသွင်သဏ္ဌာန်များမှာ ရှင်းရှင်းလင်းလင်းနှင့် ပြောင်းလဲသွားစေလိမ့်မည်"

"သင်သည် မိန်းမများနှင့် ယောကျ်ားများ ငယ်ရွယ်သောသူများနှင့် အိုမင်းမစွမ်းသူများ ခရီးသည်များနှင့် နွားကျောင်းသားများ ရိုးရိုးအရပ်သားများနှင့် ကုန်သည်များတို့ကို မည်သည့် အကြောင်းပြချက်တို့ မပြသနိုင်၊ အကျိုးအမြတ်မရရှိနိုင်ဘဲ သတ်ဖြတ်ခဲ့သည်။ ထို့ကဲ့သို့ပြုလုပ်ခြင်းသည် 'စရိုက် ပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည်"

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားက သစ်ပင်တပင်ကို လက်ညှိုးညွှန်ပြလေသည်။

"အင်္ဂုလိမာလ သင်သည် ထိုသစ်ပင်မှသစ်ရွက်တရွက်ကို ခူးဆွတ်နိုင်လေ မလား"

ဗုဒ္ဓက မေးတော်မူသည်။

အင်္ဂုလိမာလသည် ချက်ချင်း လက်ကိုဆန့်တန်းလျှက် သစ်ပင်မှ သစ်ရွက်တရွက်ကို ခူးဆွတ်လိုက်သည်။ သူသည်ထိုသစ်ရွက်အား ဗုဒ္ဓကိုပေး လိုက်လေသည်။

"ယူပါတော့ လေးစားအပ်ပါသော ပုဂ္ဂိုလ်ကြီး။ ကျွန်ုပ်ဆွတ်ခူးပြီးပါပြီ။ ယခုကဲ့သို့ ခိုင်းစေခြင်းသည် ကြီးကျယ်သော အလုပ်တခုပါဘဲလား"

ဗုဒ္ဓမြတ်စွာဘုရားသခင်က တည်တည်ငြိမ်ငြိမ်နှင့်ပင် ဖြေကြားလိုက်သည်။



"အရှင်ဘုရား တောထဲသို့ မကြွပါနှင့်ဟု ရွာသူရွာသားများက ဘုရားအား လျှောက်ထားနေပုံ"

"ကောင်းပြီးလေ၊ အင်္ဂုလိမာလ ယခုအချိန်တွင် ထိုခူးဆွတ်ခဲ့သောနေရာ၌ သင်သည် ပြန်လည်၍ ယင်းသစ်ရွက်ကို ပြန်ဆက်ထားလိုက်ပါတော့" အင်္ဂုလိမာလမှာ ချက်ချင်းတုံ့ပြန်ပြောလိုက်သည်။

"ထို့ကဲ့သို့ မည်သူကပြုလုပ်နိုင်မည်နည်း။ ခူးဆွတ်ထားတဲ့သစ်ရွက်တရွက်ကို ပြန်ပြီးတော့ နဂိုနေရာမှာ ထားဘို့ဆိုသည်မှာ မည်သူက တတ်နိုင်မည်နည်း"

ဗုဒ္ဓက သနားကရုဏာသက်စွာဖြင့် အင်္ဂုလိမာလကို မေးလိုက်လေသည်။

"အဘယ်ကြောင့်နည်း။ သင်သည် အပြစ်မရှိသော သူတယောက်ပင် ဖြစ်ပေသည်။ အဘယ်ကြောင့် သင်ခူးဆွတ်ထားသော သစ်ရွက်ကို နဂိုမူလ နေရာမှာ ပြန်၍ မထားနိုင်ရသနည်း။ အလားတူပင်ဖြစ်ပေသည်။ သင်သည် လူတယောက်ကို ဘဝတခုပြန်လည် ရရှိစေရန် (သို့မဟုတ်) အသက်ရှင်စေရန် မတတ်နိုင်ခဲ့ပါဘဲ မည်သည့်အတွက်ကြောင့် လူအများကို သတ်ဖြတ်ခဲ့လေ သနည်း"

ဗုဒ္ဓ၏နားလည်သဘောပေါက်လွယ်သောစကားများကို ကြားရခြင်းအားဖြင့် အင်္ဂုလိမာလမှာ စိတ်ထဲတွင် တရားသံ၊ ဓမ္မသံများကို စွဲမြဲထင်မြင်လာသည်။ နားထဲတွင် ကြားယောင်လာသည်။



သူသည် လက်နှစ်ဘက်ဖြင့် သူ့ဦးခေါင်းကိုဆုတ်ကိုင်ကာ မြေကြီးပေါ်သို့ ထိုင်ချလိုက်သည်။ သူသည် သူ၏လူကောင်းသူကောင်း ဖြစ်ခဲ့သော မူလနေရာသို့ တဖန်ပြန်၍ ရောက်လာရမည့် အကြောင်းအရာအား ဘာတခုမျှမသိရှိဘဲ ဖြစ်နေရသည်။

အင်္ဂုလိမာလသည် ဗုဒ္ဓ၏မိန့်မြွက်သံများကိုကြားရ၍ အထူးပင်ယုံကြည်အထင်ကြီး စေခဲ့သည်။ ဗုဒ္ဓအား အနိုင်ပေးလိုက်ရသည့်နောက် သူကိုယ်တိုင် အရှုံးခံရသူတဦးဟု သူခံစားသွားသည်။ ထို့ကြောင့် သူသည် အနိုင်ခံရသူတဦးကဲ့သို့ စကားကိုပြောတော့သည်။



"အင်္ဂုလိမာလာ၏လည်ဆွဲတွင် လက်ချောင်းတထောင်ပြည့်ရန် တချောင်းသာလိုနေသော အခါ အဖွားအိုတယောက် သူ့ဘက်သို့မကြောက်မရွံ့လျှောက်လာနေသည်ကိုမြင်တွေ့၍ အင်္ဂုလိမာလာမှာ ဝမ်းသာနေပုံ"

"နောက်ဆုံးမှာတော့ သူတောင်းစားသည် ငါ့ကို အနိုင်ယူသွားလေပြီ" သူက တိုးတိုးကလေး ပြောလိုက်သည်။

ဗုဒ္ဓသည် အမှန်စင်စစ် ရက်စက်ရိုင်းစိုင်းသော လူသတ်သမားအား သူ၏သောက ငြိမ်းစေသည့် စကားတို့ဖြင့် ထိန်းချုပ်ထားနိုင်ခဲ့သည်။

Generated by CamScanner from intsig.com

အင်္ဂုလိမာလသည် ရောင်ခြည်တော်ကွန့်မြူးပြီး ထွန်းလင်းတောက်ပနေသော ဗုဒ္ဓအား ကြည့်ရှုလိုက်သည်။ သူသည် ရဲတင်းကိုလွှင့်ပစ်လိုက်ပြီး သူ၏လည်ပင်းမှာ ဆွဲထားသော လက်ချောင်းများကိုလည်း လွှင့်ပစ်လိုက်လေသည်။ ဗုဒ္ဓ၏ခြေတော်အစုံကို ဦးခိုက်လျက် ခါးသီးစွာ ငိုကြွေးလေတော့သည်။

သူ၏ပါးပြင်ပေါ်မှာ မျက်ရည်များ ယိုစီးလျက်ရှိနေပြီး သာသနာ့ဝင်အဖြစ် သွတ်သွင်းချီးမြှင့်ရန် ဗုဒ္ဓအား တောင်းပန်လေတော့သည်။

ဗုဒ္ဓမိန့်တော်မူသည်။

"အင်္ဂုလိမာလ ပထမဆုံးအနေဖြင့် သင်ထပြီး သင်၏မိခင်အား ခွင့်လွှတ်ရန်မေးရမည်ဖြစ်သည်။ သင့်အား သာသနာ့ဝင်အဖြစ် သွတ်သွင်းရန် သင့်မှာခွင့်လွှတ်ခံရပြီဆိုလျှင် ပြုလုပ်၍ရသည်"

အင်္ဂုလိမာလ၏မိခင်မှာလည်း သူ့အပေါ်၌ ခွင့်လွှတ်စေခြင်းကို အသိအမှတ်ပြုပြီး သောအခါ သူ့မှာယူကြုံးမရ ဝမ်းနည်းခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်း နှစ်မျိုးစလုံး ခံစားလိုက်ရ လေတော့သည်။



"ဘုရားဗုဒ္ဓသည် ကြောက်စိတ်ကင်းမဲ့စွာဖြင့် လျှောက်လာပုံကိုမြင်၍ အင်္ဂုလိမာလာမှာ အံ့ဩသင့်နေပုံ"



ထိုနောက် ဘုရားများနှင့်လူအပေါင်းတို့၏ အထွဋ်အမြတ်ဖြစ်သော ဗုဒ္ဓမြတ်စွာ ဘုရားက ဤသို့ပြောလသည်။

"လာလော့၊ အို ငါ၏ချစ်သား ရဟန်း"

ငင်းအပြင် သူ့အားချက်ချင်းပင် သာသနာ့ဘောင်ဝင်အဖြစ် သွတ်သွင်းချီးမြှင့်တော့လေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားဓမ္မဘောင်သို့ ဝင်ခွင့်ပေးလိုက်သည်။ ဗုဒ္ဓသည် အင်္ဂုလိမာလအား သူ၏ဗုဒ္ဓဘာသာဝင်အဖြစ် လက်ခံတော်မူသည်။ သူနှင့်အတူပင် သာဝတ္ထိပြည်ရှိ ဇေတဝန်နာဂုမ်ကျောင်းတော်သို့ ပြန်လာခဲ့ကြသည်။


အင်္ဂုလိမာလသည် ဗုဒ္ဓ၏ဝိဟာရကျောင်းတော်သို့ ဗုဒ္ဓ၏နောက်မှ လိုက်ပါသွားခဲ့သည်။

ဗုဒ္ဓသည် သူ့အား ဘနေ သုန ိကို ရဟန်းဖြစ်သည့် ပထမနေ့မှစ၍ သင်ကြားပေးလေသည်။

မြတ်စွာဘုရားသည် အင်္ဂုလိမာလအား သူနှင့်အတူ ခေါ်ဆောင်လာပြီး ရဟန်း ဘဝသို့ ပြောင်းလဲသွားသည်တောင်မှ ဘုရင်ကြီးပရာဆမ်ဇီမှာ စစ်သည်တော်ငါးရာနှင့် တောပုန်းကြီးလူသတ်သမားအား ဖမ်းဆီးရန်ထွက်ခွါလာခဲ့သည်။

ရတ်တရက် တောထဲသို့ သူ–မသွားရောက်ခင်မှာ ဇေတဝန်နာဂုဏ်ကျောင်းတော်ရှိ ဗုဒ္ဓထံကို ဖူးမျှော်သွားချင်သည့်စိတ်ကူး ပေါ်လာသည်။ ဘုရင်ကြီးသည် ဗုဒ္ဓအား ဂါရဝပြုအရိုအသေပေးလျက် အနီးအနားမှ ရှိခိုးပူဇော်လေသည်။ နောက်ဘေး တဘက်နေရာတွင် ထိုင်လိုက်သည်။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ဘုရင်ကြီးအားကြည့်ပြီး ချက်ချင်းစိတ်ထဲတွင် မည်သို့ရှိနေ သည်ကို သိရှိလေတော့သည်။



Generated by CamScanner from intsig.com



"ဗုဒ္ဓသည် လျှောက်လဲလျှောက်ရှိသော ခြေလှမ်းတို့ဖြင့် လျှောက်သွားသော်လည်း အင်္ဂုလိမာလာမှာ သူ့အားဖမ်းဆီးနိုင်ရန် အပြေးအလွှားလိုက်သော်လည်းဘုရားရှင်အားမမှီနိုင် ဖြစ်နေပုံ"

"အို အသင်မင်းကြီး ဤနေရာသို့ အဘယ့်ကြောင့်လာခဲ့လေသနည်း"

ဗုဒ္ဓက မေးလိုက်လေသည်။

"တစုံတရာအကြောင်းအရာများကြောင့် မာဂဓပြည့်ရှင် ဘုရင်ဗိမ္ဗိသာရနှင့် စစ်ထိုးမည်လား။ သို့မဟုတ် ဝေသာလီပြည်၏ လိစ္ဆဝီမျိုးနွယ်စုတို့အား စစ်ခင်းမည်လား။ သို့တည်းမဟုတ် အခြားတိုင်းပြည်တခုခုကို စစ်တိုက်မည်လား။ အဘယ်ကြောင့် သင်မင်းကြီးမှာ များပြားလှသော စစ်သည်တော်များနှင့် ခရီးထွက်လာခဲ့ရသနည်း။"

"အို ဗုဒ္ဓဘုရား၊ ထိုကဲ့သို့မဟုတ်ရပါ"

ဘုရင်ကြီးမှ ပြန်လည်ဖြေကြားလိုက်သည်။

"ကျွန်ုပ်အား မာဂဓပြည့်ရှင် ဘုရင်ဗိမ္ဗိသာရအနေဖြင့် ခြိမ်းခြောက်သမှုလည်း မရှိချေ။ သို့တည်းမဟုတ် ဝေသာလီပြည်မှ လိစ္ဆဝီမျိုးနွယ်စုတို့သည်၄င်း၊ အခြားသော အကြောင်းအရာမျိုးနှင့် အခြားတိုင်းပြည်များမှလည်း မရှိချေ။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်၏ပိုင်နက် နယ်ပယ်နိုင်ငံထဲတွင် ကြောက်မက်ဖွယ်



ကောင်းသော တောပုန်းကြီး လူသတ်သမား အင်္ဂုလိမာလဟု ခေါ်သောသူသည် စခန်းချနေထိုင်လျက်ရှိပါသည်။ သူသည် ကျွန်ုပ်၏ ပြည်သူများ နေထိုင်ကြမှုကို ငရဲပြည်ပမာ ပြုလုပ်လျက်ရှိပါသည်။ သူသည် တကြိမ်တခါထက်မက ခြောက်ခြားစွာသော သူတို့အပေါ် အန္တရာယ်ပေးသူဖြစ်ပါသည်။ ကျွန်ုပ်သည် သူ့ကိုဖမ်းဆီးရန်အတွက် မြင်းစီးစစ်သည် ငါးရာနှင့်အတူ စစ်ချီထွက်လာခြင်းဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် ခက်ခဲသောအဖွဲ့တဖွဲ့စီအပေါ် အခြေအနေကို သိမြင်သည့်အတိုင်း စတင်မဆောင်ရွက်မီ သင်၏ကောင်းချီး မင်္ဂလာကို ခံယူရန်သင့်သည်ဟု ထင်မြင်မိပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်ကို ကောင်းချီးပေးပါတော့။ သို့မှသာ အင်္ဂုလိမာလအား ဖမ်းဆီးရန် ကျွန်ုပ်၏ကြိုးပမ်းမှုများ အောင်မြင်လေတော့မည်"



"အဘယ်ကဲ့သို့ဖြစ်နိုင်ပါမည်နည်း၊ ကြွေကျနေသည့် သစ်ရွက်ခြောက်တရွက်ကို သစ်ကိုင်းနှင့် ပြန်ဆက်လို့ဖြစ်နိုင်ပါ့မလား"

ဗုဒ္ဓမြတ်စွာဘုရားသည် ပရာဆမ်ဇီ ကောသလမင်းကြီး၏ စကားကို အာရုံရှုစိုက်စွာ နားထောင်နေပြီးမှ ပြန်၍ပြောလိုက်သည်။

"အို-အသင်မင်းကြီး၊ အကယ်၍ ယခုအချိန်၌သင်သည် အင်္ဂုလိမာလကို ခေါင်းရိတ်ပြီး ယောဂီရောင် အဝတ်အစားကို ဝတ်ဆင်ကာ ရဟန်း သင်္ကန်းတဦး၏ အသွင်လက္ခဏာကို မြင်တွေ့ခဲ့လျှင်သော်၄င်း၊ အကယ်၍သူသည် မည်သူ တဦး

တလေကိုမျှ မသတ်ဖြတ်တော့လျှင်၄င်း၊ သို့မဟုတ် မုသားစကားကို မပြောတော့လျှင်၄င်း (သို့မဟုတ်) ခိုးမှုများကို မကျူးလွန်တော့လျှင်၄င်း၊ အကယ်၍ သူသည် မြင့်မြတ်သောဘဝတခုကို ရရှိခံယူသွားသည့် ဧကစာရီ ရဟန်းထူး ရဟန်းမြတ်ဖြစ်ခဲ့ပါက မည်သည့်အခြေအနေမျိုးနှင့် သူ့ကို သင်က ဆက်ဆံလေလိမ့်မည်နည်း"

"အော်–ဗုဒ္ဓဘုရား–ကျွန်ုပ်သည် သူ့အပေါ် ဂါရဝပြု ဦးညွှတ်အရိုအသေပေးပြီး အမှန်တကယ်ပင် မြင့်မြတ်သောနေရာ၌ ထားပေးပါလိမ့်မည်။ သူရောက်ရှိလာလျှင်လည်း မတ်တတ်ရပ်မြဲ ရပ်နေပါမည်။ ကျွန်ုပ်ထိုင်ရန်အတွက်ကိုလည်း သူ့အားမေတ္တာရပ်ခံ တောင်းပန်ပြီးမှ ထိုင်ဖြစ်ပါလိမ့်မည်"

ဘုရင်ကြီးသည်ဆက်လက်ပြီးပြောသည်မှာ–

"ကျွန်ုပ်သည် အရာအားလုံးနှင့် ဆေးဝါးပစ္စည်းများအပြင် အိုစာနာစာ နေခင်ရေးအတွက် အထောက်အကူများကို လက်ခံစေဖို့ သူ့အားမေတ္တာရပ်ခံ တောင်းပန်ပါလိမ့်မည်။ ကျွန်ုပ် အနေဖြင့် သူ့၏လုံခြုံရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးပါလိမ့်မည်။ သို့သော်လည်း အို–ဗုဒ္ဓ– အဘယ့်အကြောင့် ဆိုးသွမ်းသော ရက်စက်သော ရိုင်းစိုင်းသော ကြောက်မက် ဖွယ်ကောင်းသော ပျက်စီးနေသောသူသည် မြင့်မြတ်သူဖြစ်လာမည်ဟု မည်သူက ပြောဆိုနိုင်ပါ မည်နည်း"



"အင်္ဂုလိမာလာသည် လက်ချောင်း လည်ဆွဲကြိုးကို ဖြုတ်ပစ်ကာ ဘုရားရှင်၏ ခြေတော်အရင်း၌ ဦးချကာ ဝတ်တွားလိုက်ပုံ"



ယင်းကဲ့သို့ဘုရင်ကြီး စကားပြောနေသောအခါ အင်္ဂုလိမာလသည် ကိုက်အနည်းငယ်အတွင်း၌ ပန်းပင်များကို ရေလောင်းနေသည်။ ဗုဒ္ဓသည် ညာဘက်လက်ဖြင့် အင်္ဂုလိမာလကို ညွှန်ပြလိုက်သည်။

"ကြည့်လိုက်ပါအုံး – ဘုရင်ကြီး – ဟိုမှာ အင်္ဂုလိမာလဖြစ်ပေသည်" ဘုရင်ကြီးသည် အင်္ဂုလိမာလကို မြင်သောအခါ ထိတ်ထိတ်လန့်လန့်ဖြစ်သွားရလေသည်။ သူသည် ကြောက်ရွံ့ပြီး ကြက်သီးမွေးညှင်းများထသွားသည်။ သူ၏ ဆံပင်များ မတ်တတ်ထောင်သွားသည်။ တကိုယ်လုံးချွေးများမှာ ရေချိုး သကဲ့သို့ထွက်လာသည်။ ဗုဒ္ဓသည် ဘုရင်ကြီး၏ အခြေအနေကိုမြင်သောအခါ အားပေးနှစ်သိမ့်စကား ပြောကြားတော်မူသည်။

"အို–ဘုရင်မင်းမြတ်–သင်မင်းကြီးမှာ ကြောက်ရွံ့စရာမလိုအပ်တော့ပြီ။ ယခုအချိန်တွင် သင်သည် အင်္ဂုလိမာလအား ကြောက်ဖို့ရန်မရှိတော့ပြီ။



"ဗုဒ္ဓဘုရားရှင်ထံ အင်္ဂုလိမာလာ လက်မြောက်အရှုံးပေးလိုက်ကို ကမ္ဘာတလွှား သိရှိခဲ့ရပုံ"

တဖြည်းဖြည်း ဘုရင်ကြီးသည် အလန့်တကြားဖြစ်လာရာမှ ကြောက်စိတ်များ ပြေပျောက်လာသည်။ သို့သော်ငြားလည်း သံသယမှာ ရှိနေဆဲပင်ဖြစ်သည်။ တုံ့ဆိုင်း တုံ့ဆိုင်းဖြင့် သူသည် အင်္ဂုလိမာလအနီးသို့ ချဉ်းကပ်သွားပြီး မေးမြန်းလိုက်သည်။

"ရှိသေလေးစားအပ်ပါသော ရဟန်းမြတ်၊ ကျေးဇူးပြုပြီး ကျွန်ုပ်အားပြောကြားစေလိုပါသည်။ သင်သည်အမှန်စင်စစ် အင်္ဂုလိမာလ ဟုတ်ပါလေသလား"

"ဟုတ်ပါပေသည် ဘုရင်မင်းမြတ်။ မည်သည့်နည်းနှင့်မျှ တစုံတရာ သံသယမရှိပါစေနှင့်။ ကျွန်ုပ်သည် အင်္ဂုလိမာလပင် ဖြစ်ပေသည်"

"မဟုတ်ပါ၊ ဤဟာသည် သံသယများကို မဖြစ်စေပါ"

ဘုရင်ကြီးမှာ ဆက်လက်မေးမြန်းတော့သည်။

"ပို၍ပြီး တစုံတရာများကို လောလောဆယ် ကျွန်ုပ်အား ပြောပြစေလိုပါသည်။ ဂေါတရာ ဆိုသူမှာဘာလဲ။ သူတို့မှာ သင်၏မိဘများ ဟုတ်ပါသလား။"

"အသင်မင်းကြီး – ယခုအချိန်၌ ဂေါတရာနည်းတူ အကြောင်းအရာကို မြင်သည့်အတိုင်း ကျွန်ုပ်ကို အချို့သော အရေးပါအရာရောက်သည့် စကားတို့ဖြင့် ထိန်းချုပ်ရန် မပြုလုပ်သင့်ပေ။ သို့ပင်ဖြစ်ငြားသော်လည်း သင်၏မေးခွန်းကို ငါသည် ဖြေကြားပါမည်။ ကျွန်ုပ်ဖခင်၏ ဂေါတရာမှာ ဘဂ္ဂဝါဖြစ်ပြီး ကျွန်ုပ်မိခင်မှာ မိတ္တရာယာနီဖြစ်ပါသည်။

ဘုရင်ကြီးမှာ စူးစမ်းမေးမြန်းသော အချက်အလက်များကို ရရှိသည်နှင့် စိတ်ကျေနပ်သွားသည်။

"အင်္ဂုလိမာလ ဤနေ့မှစ၍ငါသည် သင်၏ တကာတော်ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်သည် သင်လိုအပ်သမျှကို ထောက်ပံ့လှူဒါန်းပါမည်။ အခြားသောပစ္စည်းပစ္စယများနှင့် ဆေးဝါး၊ အစားအစာ၊ အဝတ်အထည်များကအစ တကာတော်မှ လှူဒါန်းပါမည် "

သို့ရာတွင် အင်္ဂုလိမာလမှာ ယခုအချိန်၌ လိုချင်တောင့်တမှုများ ပပျောက်သွားပြီး သူသည် လက်ပိုက်လျှက် ဘုရင်ကြီးအား ပြောလိုက်သည်။





"အင်္ဂုလိမာလာသည် ဘုရားရှင်ထံ ထိုသို့ဝန်ချတောင်းပန်သွားသည့် အဖြစ်သည် လူတို့သမိုင်း၌ အကြမ်းမဖက်မှု၏ အကြမ်းဖက်မှုအပေါ် အနိုင်တွင်းသည့်သာဓကဖြစ်လာသည်"

"အသင်မင်းကြီး – ငါသည် ရိုးစင်းဖြူစင်သောဘဝတခုကို ဦးတည်လျှောက်လှမ်းနေပြီ။ ကျွန်ုပ်တစုံတရာ ထူးထူးခြားခြား လိုအပ်မှုမရှိတော့ချေ။ ကျွန်ုပ်၏ လိုအပ်မှုအကြောင်း အရာတိုင်းသည် ကျွန်ုပ်မှာ ရှိပြီးဖြစ်သည်။ သို့ဖြစ်သော်ငြားလည်း သင်၏ကြင်နာသနားရှိမှုနှင့် အရေးတယူ ဂရုပြုမှုတို့အတွက် သင်အပေါ် ကျေးဇူးတင်ပါသည် "

ဗုဒ္ဓဘုရားရှင်က သာသနာဘောင်အတွင်း သွတ်သွင်းလိုက်သော အင်္ဂုလိမာလသည် တောထဲတွင် တရားထိုင်သည်။ သို့မဟုတ် တပါးတည်း အခြားပုဂ္ဂိုလ်များနှင့် မရောနှောဘဲ သီးသီးခြားခြား ကျင့်ကြံအားထုတ်သည်။ သူသည် စိတ်ကိုထိန်းချုပ်နိုင်စွမ်း ရှိအောင် ယုံကြည်လက်ခံ ကျင့်ကြံအားထုတ်ခြင်းနှင့် သူ၏လုပ်ရိုးလုပ်စဉ်အတိုင်း ရိုးသား အေးချမ်းစွာ တရားအားထုတ်လေသည်။ သူသည် တောရပ်မှီကာ နေထိုင်လေသည်။



"ဘုရားရှင်ထံ ကောသလမင်းကြီး အင်္ဂုလိမာလာ သူ့နိုင်ငံတလျှောက် သောင်းကျန်းနေသူတဦးဖြစ်ကြောင်း လျှောက်ထားတင်ပြသည့်ပုံ"

၎င်းအပြင် သင်္ကန်းသုံးထည်ထက် သူ့မှာအသုံးပြုစရာ ဘာမျှမရှိချေ။ ထို့ကြောင့် လည်းဘုရင်ကြီးမှာ တစုံတရာသော အလုပ်အကျွေး သို့မဟုတ် တစုံတရာကိုမျှ လက်သင့် မခံခြင်း ဖြစ်လေသည်။

ဘုရင်ပရာဆမ်ဇီသည် ဗုဒ္ဓကို အကြီးအကျယ်အံ့သြစွာဖြင့် ထုတ်ဖော်ပြောဆို လေတော့သည်။

"အို - ဗုဒ္ဓ - ဤအခြင်းအရာသည် အမှန်တကယ် အံ့သြစရာဖြစ်ပါသည်။ အလွန်တရာ အံ့သြဖွယ်ဖြစ်ပါသည်"



"သင်သည် ရိုင်းစိုင်းသောသူတဦးအား သင်၏သာသနာဘောင်အတွင်း သွတ်သွင်းပြီး ရဟန်းဖြစ်စေခဲ့သည်။ သင်သည် နှိမ်နင်း၍မရနိုင်သော သူတဦးအား ထိန်းချုပ်ကြိုးကိုင် နိုင်ခဲ့သည်။ ရက်စက်ကြမ်းကြုပ်သောသူတဦးအား တည်ငြိမ်အောင် ပြုလုပ်ခဲ့သည်။ ကျွန်ုပ်သည် ဓါးများနှင့်မျှားလှံများ၊ ကြိမ်တုတ်များဖြင့် အင်္ဂုလိမာလအား ဤကဲ့သို့ ပြောင်းလဲသွားရန် မထိန်းချုပ် နိုင်ခဲ့ချေ"

မြောက်မြားစွာသော စစ်သည်တော်များပင်လျှင် သူ၏စွမ်းအားကို တိုက်ခိုက်ရာ၌ မည်သည့်အကူအညီမျိုးနှင့်မျှ မတိုက်ခိုက်နိုင်ခဲ့ကြ။ သင် - အရှင်ဗုဒ္ဓ- သင်သည် ဓါးသို့မဟုတ်လှံများ တချို့ကြိမ်တုတ်များကို အသုံးမပြုဘဲ သူ့အားနှိမ်နင်းခဲ့ပြီးဖြစ်သည်။ သင့်ထံမှ ထွက်ခွါခွင့်ပြုပါရန် ကျွန်ုပ် မေတ္တာရပ်ခံ တောင်းပန်ပါသည်။ အို-ဗုဒ္ဓ။

ဤသို့အားဖြင့် ဗုဒ္ဓအားခွင့်ပန်ပြီး မေတ္တာရပ်ခံ တောင်းပန်ကာ ဘုရင်ကြီးသည် တောအုပ်ထဲသို့ သွားစရာမလိုတော့ဘဲ သူ၏နန်းတော်သို့ ပြန်သွားလေသည်။ သူ၏ လက်နက်ကိုင် စစ်သည်တော်များမှာလည်း သူ၏နောက်မှ လိုက်ပါသွားကြလေသည်။

တနေ့သောအခါ အင်္ဂုလိမာလရဟန်းသည် ဆွမ်းခံရန် သာဝတ္ထိပြည်၏ လမ်းတလျှောက် ခရီးသွားလေသည်။ သူ၏လက်ထဲတွင် အလှူခံရန် ခွက်ဖလားကိုဆုတ်ကိုင်ထားပြီး သင်္ကန်းရုံလျှက်လာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆွမ်းခံသွားနေစဉ်အတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးအား ငိုယိုလျှက် တွေ့မြင်လေသည်။

သူမမှာ သူမ၏ကိုယ်ဝန်ဆောင်ထားခြင်းနှင့် စပ်လျဉ်း၍ တချို့သော ပြဿနာများ ရှိနေသည်။ အားလုံးသောသူတို့မှာ ဒုက္ခဝေဒနာ ခံစားကြရမည်။ အို-အဘယ်ကြောင့် သတ္တဝါများ ဒုက္ခခံစားနေကြရသနည်း။ သူသည် ကိုယ်ဝန်ဆောင်အမျိုးသမီးအား မြင်သည်နှင့် ရုတ်တရက် အာမေဋိတ်သံဖြင့် အော်ပြောမိသည်။

အင်္ဂုလိမာလသည် ဆွမ်းဘုန်းပေးပြီးသောအခါ ဗုဒ္ဓဘုရားထံပါးသို့ သွားလိုက်သည်။ ၎င်းနောက် ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် စပ်လျဉ်း၍ ပြောဆိုလေသည်။

ဗုဒ္ဓက သူ့ကိုပြောလိုက်သည်။

Generated by CamScanner from intsig.com

"ထို့ကြောင့်ပါဘဲ – အင်္ဂုလိမာလ၊ အမျိုးသမီးထံသို့ သင်သွားလိုက်ပါတော့။ ၎င်းပြင် ဤကဲ့သို့ သူမကိုပြောပါ။ ငါ၏နှမ၊ ငါသည် ငါ့ကိုမွေးဖွားခဲ့စဉ် ကတည်းက မည်သူတစုံ တယောက်ကိုမျှ မသတ်ခဲ့။ သင့်အား မှန်ကန်သော ကောင်းချီးကို အတူတကွ ရရှိပါစေ။ မွေးဖွားလာမည့် သင်၏ခလေးအား ကောင်းချီးမင်္ဂလာ ပေးပါစေ။"

"အို – ဗုဒ္ဓ၊ ထိုကဲ့သို့ပြောဆိုခဲ့လျှင် ကျွန်ုပ်၏ဘဝ တစိပ်တပိုင်းအပေါ် တမင်သက်သက် လိမ်ညာပြီး မုသားပြောဆိုခြင်းသာ ဖြစ်ပါလိမ့်မည်။ အရှင်ဘုရား၊ ကျွန်ုပ်သည် သွေးအေးအေးဖြင့် လူသားများကို သတ်ခဲ့ပြီးပြီ"

"ယင်းသို့ဆိုလျှင် အင်္ဂုလိမာလ သွားစမ်းပါ။ ၎င်းနောက် သူမအားပြောပါ။ ငါ၏ညီမ အကယ်၍ အရိယဘဝမှာ မွေးဖွားခဲ့သည့်ငါသည် တမင်သက်သက် မည်သူ့ကိုမျှ မသတ်ခဲ့ချေ။ သင်၏ခလေးနှင့် သင့်အပေါ်မှာ ဤမှန်ကန်သော သစ္စာစကားကြောင့် ကောင်းချီးပေးပါစေ"

"ကောင်းပါပြီ အရှင်ဘုရား"

အင်္ဂုလိမာလက ပြောဆိုပြီး အမျိုးသမီးထံပါးသို့ လာခဲ့လေသည်။ သူ့မှာ ယင်းစကားများကို သူ့မအားထပ်ခါထပ်ခါ ပြောဖြစ်တောသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ၎င်းစကားများကြောင့် စိတ်တန်ခိုး အရှိန်အဝါများ ယုံကြည်မှုများ မြင့်မြတ်စွာ ဖြစ်ပေါ်လာလေသည်။ သူမသည် ကျန်းမာသန်စွမ်းသောခလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ရသည်။

ဆိတ်ငြိမ်သောအရပ်၌ တရားအားထုတ်ရနေသည့်ကြောင့်လည်း အင်္ဂုလိမာလသည် မကြာမီမှာပင် မိမိကိုယ်ကို လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတရားအား သိသိသာသာ ထင်ရှားစွာဖြင့် ကြိုးပမ်းလုပ်ဆောင် ရရှိခဲ့ပေသည်။

သူ့မှာယင်းသို့တရားထိုင်မှ တခုပြီးတခု လွတ်မြောက်မှုများ ရရှိလာသည်။ အခြားသော အကြောင်းရင်းတခုဆိုလျှင် သပိတ်တလုံးနှင့်အတူ သင်္ကန်းရုံပြီး သာဝတ္ထိ ပြည်၏ လမ်းမကြီးပေါ်၌ အလှူခံသွားနေစဉ် သူသည် ထူးခြားသော အတွေ့အကြုံတခုကို တွေ့ရှိခဲ့ရသည်။

အချို့သောသာဝတ္ထိပြည်၌ နေထိုင်သူလူများသည် ဇာလီနီတောအုပ်ထဲမှနေပြီး မြို့ပေါ်မှာ နေသောသူအမြောက်အမြားကို သတ်ဖြတ်သည့် အင်္ဂုလိမာလဆိုသူအား သိရှိရန်အလို့ငှါ လာကြည့်ကြလေသည်။



"ဤအင်္ဂုလိမာလသည် မြောက်မြားစွာသော မိန်းမတို့အား မုဆိုးမဖြစ်စေပြီး များပြားစွာသော ခလေးငယ်များအား မိဖမဲ့ဖြစ်စေခဲ့သည်။ သူသည် မိသားစုများထဲက တယောက်မက အများအပြား သတ်ဖြတ်ခဲ့သည်။ သူ၏ အကြမ်းဖက် လူသတ်မှုများကြောင့် လူတို့သည် အပြင်သို့ပင်မသွားဝံ့ဘဲ ဖြစ်နေကြရသည်။ သူ့ကိုကြည့်လိုက်ကြပါတော့။ ရက်ဖွယ်အတိုင်းပါဘဲ၊ အဘယ့်ကြောင့် ကျွန်ုပ်တို့၏ တံခါးပေါက်ရှေ့မှာ အလှူခံဖို့ အရှက် မရှိတဲ့သူ လာခဲ့ရသနည်း"



"အသင်မင်းကြီး–အင်္ဂုလိမာလာက မင်းကြီးထံ မိမိကိုယ်မိမိ လာအပ်နှံပါက အရှင်မင်းကြီး မည်သို့ခံစားရပါမည်နည်း ဘုရားမှမေးနေပုံ"

သူတို့သည် ရန်စရန်တွက် အော်ဟစ်ပြောဆိုကြသည်။ "လူသတ်သမား၊ လူသတ်သမားကို သတ်ကြပါစို့"

သူတို့အထဲမှ တယောက်က အင်္ဂုလိမာလ၏ခေါင်းကို မြေခဲတလုံးဖြင့် ပစ်လိုက်လေသည်။ အခြားနောက်တယောက်က သူ့နောက်သို့လိုက်လာပြီး တုတ်ချောင်းဖြင့် လှမ်းရိုက်သည်။ အခြားတယောက်မှာ သူ့ခေါင်းကို ကျောက်ခဲတလုံးဖြင့် ပစ်လေသည်။

သို့ရာတွင် အင်္ဂုလိမာလမှာ ငြိမ်သက်စွာဖြင့် သွားနေလေသည်။ လူများမှာ သူ့ကိုတွေ့သည်နှင့် ဘယ်အရာနှင့်မဆို တိုက်ခိုက်ကြတတ်သည်။



"အင်္ဂုလိမာလာကို မြင်လိုက်သည်နှင့် ဘုရင်မင်းမြတ်ကြောက်ရွံ့သွားသည့်ပုံ"

သူတို့သည် ခြေကုန်လက်ပန်းကျအောင် ထိုးကြိတ်ရိုက်နှက်ကြသော်လည်း အင်္ဂုလိမာလမှာ သူ၏သမာဓိတရားဖြစ်သော စိတ်တည်ငြိမ်မှုကိုမူ အပျက်စီး ဆုံးရှုံးမခံပေ။သူ၏ခေါင်းမှာ သွေးများဖြာထွက်နေသည်။ သူ၏ အလှူခံခွက်ဖလားမှာ အစိပ်စိပ်အမွှာမွှာ ကွဲပြားသွားရသည်။ သင်္ကန်းမှာလည်း ဆိုးဆိုးဝါးဝါး ဆုတ်ဖြဲခံရလေသည်။

သူ့မှာ တကိုယ်လုံးဒါဏ်ရာများ ရရှိသွားပြီး သွေးများမှာ အလျှံပယ်ထွက်နေသည်။

ဗုဒ္ဓသည် အင်္ဂုလိမာလကို မြင်သောအခါ အားလုံးသောအခြေအနေများအား ချဉ်းကပ်ပြောဆိုလိုက်သည်။ ဗုဒ္ဓသည် အားလုံးသောအကြောင်းအရာများကို သိရှိတော်မူခဲ့သည်။

အင်္ဂုလိမာလအား ဂရုဏာသနားတော်ရှိသော အသံဖြင့် မိန့်မြွက်လိုက်သည်။

"အင်္ဂုလိမာလ – ဤကြောင်းအရာတို့အပေါ် သည်းခံခွင့်လွှတ်လိုက်လေတော့။ ဤအကြောင်း အရာအားလုံးကို သည်းညည်းခံပေတော့"

တဦးတည်းတရားထိုင်ခဲ့ခြင်းအကျိုးကြောင့် မိမိအဘို့ စိတ်ဆင်ရိုင်း၏ ကျွန်အဖြစ်မှ လွတ်မြောက်စေသဖြင့် နှစ်ထောင်းအားရ ပီတိကို ခံစားရရှိလေ၍ အင်္ဂုလိမာလမှာ ဤသို့ မြွက်ဟစကားဆိုလေသည်။






"ကဲ့–အင်္ဂုလိမာလာ၊ စိတ်ရှင်ရွှာ နေတော်မူပါ။ ငါဘုရင်သည် သင့်အားစောင့်ရှောက်သွားဦးမည် ပြောနေပုံ"

"ရှေးယခင်က လူတယောက်မှာ အိပ်ချင်မူးတူးဖြင့် အမြဲငိုက်မည်းနေရသောကြောင့် မျက်တွင်းဟောက်ပက်ဖြစ်ရသည်။ သို့သော်လည်း နောက် ပိုင်းတွင် အိပ်ချင်မူးတူး ဖြစ်ရာမှ ချိန်သီးပမာ လှုပ်ရှားလာသည်။ ယင်းသို့ပင် တိမ်တိုက်ထဲမှ လမင်းကြီးသည် ကမ္ဘာကြီးကို လရောင်ဖြင့် အလင်းရောင်ကို ရရှိစေသည်။

ဤသင်ကြားမှုသည် ရန်သူများက ကျွန်ုပ်ကို ဆက်ဆံသကဲ့သို့ ကျွန်ုပ်၏ရန်သူများကိုလည်း အလားတူသင်ကြားမှုမျိုး သင်ယူပါစေ။ သူတို့သည် ပညာအမြော်အမြင်ရှိသူတို့၏ နည်းလမ်းများကို ယုံကြည်လက်ခံ ကျင့်သုံး ကြရန်နှင့် သူတို့၏ဩဝါဒများကို လက်ခံနာယူနိုင်ကြပါစေ။ ချစ်ခင်ကြင်နာ သနားမှုများကိုလည်း သူတို့သည် သင်ကြားလက်ခံ နိုင်ကြပါစေ။ အချိန် မနှောင်းခင်မှာ ခွင့်လွှတ်ခြင်းနှင့် ကိုယ့်ကိုကိုယ်နှိမ့်ချခြင်းများ ပြု လုပ်နိုင်ကြပါစေ။ အထက်ပါစကားများ အဆိုအရ သူတို့သည် ယင်းကဲ့သို့ပြုမူ ဆက်ဆံကြပါ စေလေ"

"ကျွန်ုပ် အင်္ဂုလိမာလမှာ အင်အားများ ဆုတ်ယုတ်လာသည်။ ပျက်လည်းပျက်စီးလာသည်။ ကျွန်ုပ်၏ဘဝမှာ ရေစုံမျောသွားပြီဖြစ်သည်။ ဗုဒ္ဓဘုရားသခင်သည် ကျွန်ုပ်အား ကမ္ဘာမြေကြီးပေါ်တွင် မိမိခြေထောက်ဖြင့် မိမိရပ်တည်ရန် ကူညီပေးတော်မူသည်။ အင်္ဂုလိမာလတယောက်ဖြစ်သော ကျွန်ုပ်သည် တချိန်က သွေးစွမ်းသောလက်ပိုင်ရှင် တယောက် ဖြစ်ခဲ့လေသည်။

Generated by CamScanner from intsig.com



*"ရဟန်းခံသွားသည့်အင်္ဂုလိမာလာသည် ဝိပဿနာတရား ရှုနေပုံ"*

ယခုအချိန်၌မူ ကျွန်ုပ်သည်ကား အရာခပ်သိမ်းတို့မှ လုံးလုံးလျားလျား လွတ်မြောက်သွားပေပြီ"

အင်္ဂုလိမာလသည် သာသနာဝင်အဖြစ် သွတ်သွင်းချီးမြှင့်ခြင်းခံရပြီး ဘဝတလျှောက် တောထွက်တရားကျင့်ခဲ့သည်။ နောက်များမကြာမီတွင် ရက်အနည်းငယ်အကြာ သေဆုံးသွားရသည်ဟု တွေးဆရလေသည်။


အင်္ဂုလိမာလ၏ဘဝသရုပ်၌ အာရုံငါးပါးအတွင်း အဓိပ္ပါယ်ရှိစွာ ဖြစ်ပေါ်လာသည့် အချက်များကို စဉ်းစားရပေလိမ့်မည်။ သူ၏ဖြတ်ကျော်ခဲ့သော ဘဝတလျှောက်တွင် မကောင်းမှုအကုသိုလ်ဖြစ်မှုများကို ပြုမူလုပ်ဆောင်နေရာမှ အမှားကိုအမှန်ဖြစ်အောင် ပြုပြင်ပြောင်းလဲသွားစေရန် ဗုဒ္ဓ၏ဩဝါဒ အဆုံးအမအား လက်ခံကျင့်သုံးခဲ့ရာ ယခုလူသားတိုင်း မျက်မှောက်ဘဝ၏ မြင့်မြတ်စွာ လက်တွေ့လိုက်နာ လုပ်ဆောင်ရမည့် ဘဝပင်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တို့မှာ အမြင့်မြတ်ဆုံးသော ရဟန်းတော် အဂြိစက္ကဝဏ္ဏ ရှစ်ဆယ် ရှိသည့်အထဲတွင် အင်္ဂုလိမာလရဟန်းတပါးလည်း အပါအဝင် ဖြစ်သည်ဟု မှတ်ယူယုံကြည် ကြပါသည်။

"ဘဝတို့ သဗ္ဗမင်္ဂလံ"

(အားလုံးသောသတ္တဝါများ ပျော်ရွှင်ကြပါစေ)

Generated by CamScanner from intsig.com



## About the Author

Name : Shanti Swaroop Bauddh.
Father : Late Lala Hari Chand Maurya
Date of Birth : 02.10.1949.
Birth Place : Mohalla Nyarian, Shraddhanand Marg, Delhi-6

Scope of work : President : The Buddhist Society of India (Regd.), Delhi State; Editor, Dhamma Darpan (Hindi Quarterly); Founder : Bauddh Sahitya Academy; Proprietor : Samyak Prakashan, New Delhi. Completed training of Bauddhacharya from Gorakhpur.

Religious Tours : Travelled and visited about all the important places in India and abroad. Delivered Dhamma discourses in several countries especially in Australia, England, France, Hong Kong, Singapore and Nepal.

Occupation : Took voluntary retirement from Central Government after serving 21 years. Presently engaged in Export Business of handmade Paintings.


Books : More than 75 books on the life and strugle of famous Buddhist idols

Specialization : ● To create and publish Buddhist Paintings depicting Buddhist heritage; ● Publishing Pictorial Buddhist literature for children; ● Glorious publication of famous Buddhist treatises ● To publish Pali Tipitaka Translations in various Indian Languages.

Address : 31/3, Pocket—3, Paschimpuri, New Delhi– 110 063
Phone : 6570 6888, 2521 60147,
email : budhdharam@bol.net.in

SAMYAK PRAKASHAN

32/3, Paschimpuri, New Delhi– 110 063
Phone : 6570 6888, 2521 60147,
email : budhdharam@bol.net.in
Web. www.samyakprakashan.com



Generated by CamScanner from intsig.com